မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ တနလာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၉၉)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက်ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၁၂ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် မိုဟာမက် ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်း၅၌)

နိုင်ငံတော်က မျက်မှောက်ပညာဒေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေရန် အလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အနောက်ရထာခန်းမ၌ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရသစ်အနေဖြင့် မျက်မှောက်ကာလ ပညာဒေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်အမြဲ လေ့လာသင်ယူနေသော လူဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းလာစေရန် အထူး အလေးထားဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပညာရေးဝန်ကြီးဌာနကို နိုင်ငံတော်က ဦးစားပေးအနေဖြင့် ဆောင်ရွက်နေသည်နှင့်အညီ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားစေရန် ဆရာ ဆရာမများက အစဉ်အမြဲကြပ်မတ်ပြီး အောင်ချက်မြင့်မားကာ ထူးချွန်သောကျောင်းသား ကျောင်းသူများ မွေ့ထုတ်နိုင်စေရန် အထူးအလေးထားကြီးစားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီးဦးအေးကြူက လေးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူက သုံးဘာသာဂုဏ်ထူးရှင်များအားလည်းကောင်း၊ တာဝန်ရှိသူများက ဂုဏ်ထူးရှင်များအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်း၅၌)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းမြို့နယ် အတွင်းရှိ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်း၅၌)

စီးပွားဖြစ်စိုက်ပျိုးသင့်သည့် ဆေးဖက်ဝင်သဘာဝပြောင်းဖူး

သတင်းနှင့်ဓာတ်ပုံ
မင်းမင်းဇော်(ကလေး)

နေပြည်တော် ဇူလိုင် ၂၉

တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာရှိ ဦးဖိုးပြိုး၏ ပြောင်းစိုက်ကွင်းသို့ စာရေးသူသွားရောက်လေ့လာခဲ့သည်။ ဦးဖိုးပြိုး၏ ပြောင်းစိုက်ကွင်းအနီးရောက်တော့ လူများစုစုဝေးဝေးဖြစ်နေကြသည်ကို တွေ့ရပြီး MRTV-4 ကအဖွဲ့သားများ ဆေးဖက်ဝင်ပြောင်းဖူးအကြောင်း သတင်းမှတ်တမ်း လာရိုက်နေသည်ကို တွေ့ရသည်။ ဦးဖိုးပြိုးနှင့်အတူ ပြောင်းဖူးမျိုးစေ့ကုမ္ပဏီမှ ဦးဇော်ဝင်းကိုပါ အသင့်တွေ့လိုက်ရ သည်။

ပဲပြောင်းဖူးမျိုးစေ့ကုမ္ပဏီမှ တာဝန်ရှိသူ ဦးဇော်ဝင်းအား စာရေးသူသိလိုသမျှ မေးမြန်းမိသည်။

“ဆေးဖက်ဝင်ပြောင်းဖူးမျိုးကို ဘယ်နိုင်ငံက မှာယူတင်သွင်းတာပါလဲခင်ဗျာ”

“ဒီပြောင်းဖူးမျိုးတွေကို နိုင်ငံခြားမှ တိုက်ရိုက်မှာယူတင်သွင်းပြီး နိုင်ငံအတွင်း ပြန်လည် ရောင်းချပေးနေတာပါ။ အမြို့မြို့ အနယ်နယ်က စိုက်ပျိုးရေးမျိုးစေ့ဆိုင်တွေမှာ ၅၀၀ ဂရမ် ပြောင်းဖူးမျိုးစေ့ တစ်ဘူးကို ငွေကျပ် ၁၄၀၀၀၊ တစ်ကီလို ပြောင်းဖူးမျိုးစေ့ဘူးတစ်ဘူးကို” *စာမျက်နှာ ၆ ကော်လံ ၁*

အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဆေးဖက်ဝင်ပြောင်းဖူးပင်များကို ဤသို့ တွေ့မြင်ရသည်။

စည်းကမ်းနှင့်အညီ ယာဉ်နှုံပါတ်များ တပ်ဆင်ခြင်းမရှိပါက အရေးယူမည်

သတင်းနှင့်ဓာတ်ပုံ
ကိုကြီးတင်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက စည်းကမ်းနှင့်အညီ ယာဉ်နှုံပါတ်များ တပ်ဆင်မောင်းနှင်ခြင်းမရှိသော ယာဉ်များအား တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာချက် တစ်ရပ် ထုတ်ပြန်ထားရှိမှုကို ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီနှင့် မိဒီယာများ တွေ့ဆုံပွဲမှ သိရှိခဲ့ရသည်။

ယခုအခါ ရန်ကုန်မြို့တော်၌ ယာဉ်များ များပြားလာသည်နှင့်အမျှ အမျိုးသည် သတ်မှတ်စည်းကမ်းနှင့် မညီသည့် ယာဉ်နှုံပါတ်များ တပ်ဆင် လျက် မောင်းနှင်နေကြကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်း သတင်းအဖွဲ့နှင့် တွေ့ဆုံခိုက် ပြောကြားခဲ့သည်။

မော် တော် ယာဉ် များ တွင် တပ်ဆင်မောင်းနှင်နိုင်ရန်အတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက စစ်မီလီမီတာအထူးရှိ အလူမီနီယံဖောင်းကြွနှုံပါတ်များဖြင့် ပြုလုပ်ကာ အောက်ပါအရောင်များ *စာမျက်နှာ ၇ ကော်လံ ၁* ◆

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အထူးလုပ်ငန်းအဖွဲ့ များဖြင့် ဝိုင်းဝန်းဖော်ဆောင်မည်

နေပြည်တော် ဇူလိုင် ၂၉

သတင်းမှတ်စု–တင်ဇော်(သတင်း၅၌)

လူသားတို့ အသက်ရှင်နေထိုင်ရာ ကမ္ဘာမြေကြီးသည် လူသားထုတစ်ရပ်လုံး ဘဝရပ်တည်ရှင်သန်နိုင်ရေးအတွက် နေ့စဉ်လိုအပ်ချက်များကို သဘာဝသယံဇာတများဖြင့် ဖြည့်ဆည်းပေးလျက်ရှိသည်။ သို့သော်လည်း လူသားတို့၏ မဆင်မခြင် ထုတ်ယူသုံးစွဲမှုကြောင့် သဘာဝသယံဇာတများ ကုန်ခန်းလာပြီး ဂေဟစနစ်များ ယိုယွင်းကာ သဘာဝပတ်ဝန်းကျင် တစ်စတစ်စ ယိုယွင်းပျက်စီးလာခဲ့လေသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာသည့်နှင့်အမျှ ရာသီဥတုဖောက်ပြန်မှုများကိုလည်း လက်တွေ့ရင်ဆိုင်နေရပြီဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၃* ❐

အမျိုးသမီးစက်ရုပ် အာကာသယာဉ်မှူးများ နာဆာက တီထွင်ထုတ်လုပ်မည်

နာဆာ ဇူလိုင် ၂၉

နိုင်ငံတကာအာကာသယာဉ်စခန်းတွင် လူသားအာကာသယာဉ်မှူးများကို အကူအညီပေးနိုင်ရန်အတွက် နာဆာမှ အမျိုးသမီး စက်ရုပ်အာကာသယာဉ်မှူးများကို *စာမျက်နှာ ၁၁ ကော်လံ ၅* ✳

မြန်မာ့အလင်း
အယ်ဒီတာ့ အာဟော်
(၂၀၁၂ ခုနှစ် ဇူလိုင် ၃၀ ရက်)

လမြတ်ဝါဆိုနှင့် ဝါဆိုပန်းခူးခြင်းဓလေ့

နှစ်စဉ်နှစ်တိုင်း ဝါဆိုလသို့ရောက်ပြီဆိုလျှင် ညှို့မှိုင်းအုံ့ဆိုင်းနေသော မိုးသား၊ မိုးတိမ်၊ မိုးတိမ်တောင်တို့သည် ကောင်းကင်တစ်ခွင်တစ်ပြင်လုံးသို့ ရောက်ရှိလာပြီး အသုတ်လိုက် အုပ်ဖွဲ့ကာ တစ်သုတ်ပြီးတစ်သုတ်၊ တစ်အုပ်ပြီးတစ်အုပ် မိုးများ အဆက်မပြတ် ရွာသွန်းကြသည်။ ထို့ကြောင့်လည်း ဝါဆိုလကို ''ဝါဆိုဝါခေါင် ရေဖောင်ဖောင်''၊ ''ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး''ဟူ၍ ရွေးစာဆိုတို့က ဆိုမှတ်ခဲ့ကြပေသည်။

ဤသို့ မိုးပုလဲလုံးလေးများ အဆက်မပြတ် ရွာသွန်းဖြိုးသဖြင့် အရပ်လေးမျက်နှာရှိ လယ်ကွင်းအဖုံဖုံ၊ မြစ်ချောင်းအသွယ်သွယ်တို့၌ မိုးရေများ တဖွေးဖွေးပြည့်လျှံ၍နေတော့သည်။ ခြေကမ္ဘလာတွင်လည်း အေးမြသောမိုးရေကြောင့် မိကျောင်းပန်း၊ ပုန်းညက်ပန်း၊ တောပန်း၊ တောင်ပန်းများ ပွင့်လန်းလာကြသည်။ ထိုတောပန်းကလေးများသည် မြစိမ်းရောင်တောအလီလီ၊ တောင်အထပ်ထပ်တို့၌ ဖြူတစ်ဖုံ၊ နီတစ်သွယ်၊ ဝါတစ်လှည့်ဖြင့် ဖုံးပွင့်ဝေဆာလျက်ရှိသည်မှာ သဘာဝပန်းချီကားချပ်ကြီးသဖွယ် လှပ၍ နေပါသည်။

ဝါဆိုလသည်ကား မြန်မာလများတွင် ထူးမြတ်သည့်လဟု ဆိုခဲ့ကြပေသည်။ အကြောင်းသည်ကား ''သန္ဓေတာထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာ၌ဟာ'' ဆိုသည့်အတိုင်း ဤဝါဆိုလတွင် မြတ်စွာဘုရားရှင်သည် ပဋိသန္ဓေယူတော်မူခြင်း၊ တောထွက်ခြင်း၊ ပဥ္စဂ္ဂိဝါဒိုးအား ဓမ္မစကြာတရားဦး ဟောကြားတော်မူခြင်း၊ တိတ္ထိတို့အား တန်ခိုးပြာဋိဟာ ပြတော်မူခြင်းတို့ကို ပြုခဲ့သောလပင်ဖြစ်၏။ တစ်ဖန် ရဟန်းသံဃာအပေါင်းတို့ ဝါဆိုဝါကပ်ပြသောလလည်း ဖြစ်ပေသည်။ ရဟန်းသံဃာအပေါင်းတို့သည် လူတို့ရိက်ပျိုးမွေးမြူထားသော လယ်ခင်းများ၊ သီးပင်စားပင်များ၊ ပိုးမွှားတိရစ္ဆာန်များ သေကျေပျက်စီးခြင်းမရှိစေခြင်းငှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ညတွင် သံဃာတစ်ပါးချင်းစီ ဝါဆိုဝါကပ်ကြရ၏။ ဆိုလိုသည်မှာ ပိုးသုံးလပတ်လုံး အခြားအရပ်သို့ ညဉ့်အိပ်မသွားဘဲ ဤကျောင်း၌နေထိုင် သီတင်းသုံးတော်မူပါမည်၊ မိုးခိုပါမည်ဟု ဆိုခြင်းပင်ဖြစ်၏။

ဤသို့ သံဃာတော်အပေါင်းတို့ ဝါတွင်းသုံးလပတ်လုံး ဆွမ်း၊ ကွမ်း၊ သင်္ကန်း အစရှိသည်တို့ ပြည့်စုံစွာရှိစေရန်အတွက် လူတို့က ဆွမ်းများချက်ပြုတ်လှူဒါန်းခြင်း၊ သင်္ကန်းများဆက်ကပ်လှူဒါန်းခြင်းတို့ကို ပြုလုပ်ရ၏။ ဆွမ်းများကို သီတင်းပတ်ဓနာတ်ဆုံးနေ့များဖြစ်သည့် စနေနှင့် တနင်္ဂနွေများတွင် ချက်ပြုတ်လှူဒါန်းလေ့ရှိကြသော်လည်း သင်္ကန်းများကိုတော့ ဝါဆိုလဆန်း ၁ ရက်နေ့မှစ၍ လှူဒါန်းဆက်ကပ်လေ့ရှိကြသည်။ ရှေးအခါက ဤဝါဆိုလတွင် မင်းအပေါင်းတို့က သာသနာ့ကို ချီးမြှောက်လိုၗ၍ ပဋိဉာဉ်ရှင်ပြုပွဲများ ကျင်းပလေ့ရှိသည်။ သို့သော် ထိုရဟန်းခံရှင်ပြုပွဲများ တပေါင်းလနှင့် တန်ခူးလများသို့ ပြောင်းလဲကျင်းပပြီး ဝါဆိုသင်္ကန်းကပ်ခြင်းသာ အဓိကဖြစ်လာတော့သည်။ အင်းဝခေတ်ရောက်မှ ဝါဆိုပဒူသည် ရဟန်းသံဃာတို့ ဝါဆိုဝါကပ်ပြုတော်မူသောလဟု ဓေါဟရလီနတ္ထဒီပနီကျမ်းတွင် ရေးသားဖော်ပြထားသည်။

ထို့အပြင် ဝါဆိုလ၏ ထူးခြားချက်တစ်ရပ်မှာ ဝါဆိုန်းခူးထွက်ခြင်းပင်ဖြစ်၏။ ဝါဆိုပန်းခူးထွက်ခြင်းသည် ရိုးရာလေ့ဝတ်နှုပင်ဖြစ်သည်။ နှစ်စဉ်ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါဆိုပန်းခူးထွက်လေ့ရှိကြသည်။ ရပ်ရွာအသီးသီးမှ မိန်းမပျိုလေးများနှင့် ကာလသား လူပျိုလေးများသည် ထိုနေ့တွင် အဖွဲ့လိုက်၊ အဖွဲ့လိုက်စု၍ သတ်မှတ်ထားသော တောတန်း၊ တောင်တန်းအသီးသီး၌ ဝါဆိုပန်းခူးထွက်ကြသည်။ လမ်းတစ်လျှောက်တွင် သီချင်းလေးများတကြော်ကြော်သီဆို၍ လည်းကောင်း၊ အိုးစည်ခတ်မောင်းများတီး၍ လည်းကောင်း ဝါဆိုပန်းခူးထွက်ကြသည်မှာ အလွန်ပျော်ဖွယ်ရာကောင်းလှသည်။ ဝါဆိုပန်းခူးထွက်ရာတွင် အချို့က ခြေကျင်၊ အချို့က လှေများ၊ အချို့က လှည်းများဖြင့် သွားကြသည်မှာ အလွန်ပျော်ဖွယ်ရာကောင်းသည်။ ဝါဆိုပန်းခူးရင်း အဆာပြေစားရန်ယူဆောင်လာသော လက်ဖက်၊ ထမင်း၊ မုန့်ပဲသရေစာများ လက်ရည်တစ်ပြင်တည်း စားသောက်ကြလေ့ရှိသည်။ ခူးဆွတ်ရရှိလာသော ဝါဆိုပန်းများကို စေတီပုထိုးများ၌ လည်းကောင်း၊ ညပိုင်းတွင်သံဃာတော်များ ဝါဆိုဝါကပ်စဉ် ဝါဆိုပန်းများကိုင်ဆောင် ကပ်လှူနိုင်ရန်အတွက် လည်းကောင်း လှူဒါန်းလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ ဤဝါဆိုလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် ထူးမြတ်သည့် လတစ်လပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ထန်းတပင်မြို့၌ဖွင့်

ထန်းတပင် ၈ ဇူလိုင် ၂၉

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်း၍ ပြည်သူများ ဗဟုသုတတိုးပွားလာစေရန်နှင့် ကိုယ့်အားကိုယ်တိုးစာကြည့်တိုက်များ ရှင်သန်ရှိခိုင်မာစေအတွက် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများပေါ်ထွက်လာစေရန် ရည်ရွယ်လျက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၁၂) ဖွင့်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာန ရုပ်သံခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးနှင့် မြို့နယ်ဦးစီးမှူးများကစာကြည့်တိုက်နှင့်ပတ်သက်သည့် ဘာသာရပ်များကို ဆွေးနွေးပွဲခဲ့ခြင်း ကြောင်းသိရှိရသည်။(မြို့နယ် ပြန်/ဆက်)

ဖြန်မာနိုင်ငံဆရာဝန်အသင်း၌ ကလေးအရိုးရောဂါပညာဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ၈ ဇူလိုင် ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း အရိုးရောဂါပညာအဖွဲ့နှင့် အရှေ့တောင်အာရှ အရိုးရောဂါပညာအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် (Paediatric Orthopaedic Seminar in Myanmar) ကလေးအရိုးရောဂါပညာဆိုင်ရာဆွေးနွေးပွဲကို နိုင်ငံခြားနိုင်ငံမှ ကလေးအရိုးရောဂါပညာရှင်များကိုယ်တိုင် တက်ရောက်၍ ဩဂုတ် ၃ ရက်နှင့် ၄ ရက်တို့တွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ပြုလုပ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူ အရိုးအထူးကု ဆရာဝန်များ၊ ကလေးခွဲစိတ်ကုဆရာဝန်များ တက်ရောက်နိုင်ကြောင်း အရိုးရောဂါပညာအလုပ်အမှုဆောင်အဖွဲ့က ဖိုးဆော်ထားကြောင်း သိရှိရသည်။

(မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟို)

မင်းကင်းမြို့နယ်၌ နိုင်ငံသားကတိပြုများ ကွင်းဆင်းဆောင်ရွက်

မင်းကင်း ၈ ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လှုပ်ရှားကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးများမှ မိုးပွင့်အဆင့်(၃)စီမံချက်အရ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်စိန်းနှင့်ဦးနှင့် ဝန်ထမ်းများ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ပွင့်လှက်ကျေးရွာ အထက(၃)ရွာ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစစ်ရေးကတိပြုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။(မြို့နယ်လဝက)

ကုန်သည်/စက်မှုအသင်းချုပ်၌ဒွိဘောပြောပွဲကျင်းပမည်

ရန်ကုန် ၈ ဇူလိုင် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဆရာဦးသန်းမောင်(စစ်တွေ)က ပြည်ထောင်စုသစ်နှင့် လိုက်လျောညီထွေဖြစ်မည့် ဥပဒေအခြေခံအဆောက်အအုံ "Legal Infrastructure in Accordance with the New Union" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ် ၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ပွင့်ပြုံမြို့နယ်၌ ပိုးရာသီသစ်ပင်စိုက်ပျိုး

ဖွင့်ဖြု ၈ ဇူလိုင် ၂၉

ပွင့်ဖြုံမြို့နယ်၏ ၂၀၁၂ ခုနှစ် ပိုးရာသီသစ်ပင်စိုက်ပျိုးရေးကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက လယ်ကိုင်းဘုတာယာဒိပင်း၌ ကျင်းပရာ ရှေ့ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမောင်မောင်ခင်၊ အပူပိုင်း ဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းနှင့် တက်ရောက်လာသူများက ယူကလစ်၊ တမာ၊ မန်ကျည်း၊ ဆူးဖြူ၊ ကွန်းပင် စုစုပေါင်းအပင် ၆၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ် ပိုးရာသီတွင် တစ်ရွာတစ်ဧကာ၊ တစ်အိမ်ထောင် သစ်မာ ၂၀၊ တစ်အိမ်ထောင် ကွန်းသုံးပင်နှင့် လမ်းဘေးဝဲယာပျိုးပင်ပေါင်း ၁၇၄၃၀၀ စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်သစ်တော)

အင်္ဂလိပ်စကားပြောနှင့် စာရင်းကိုင်သင်တန်းဖွင့်

ရန်ကုန် ၈ ဇူလိုင် ၂၉

အလုံမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် American Tesol Institute အသိအမှတ်ပြု ZID Institute (လမ်းမတော်မြို့နယ်)တို့ ပူးပေါင်းဖွင့်လှစ်သော အခမဲ့ပညာဒါန အင်္ဂလိပ်ဘာသာစကားသင်တန်း (General English , 4 Skills Course) နှင့် LCCI (Level I, II) စာရင်းကိုင်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီက အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမဲ့အနားသို့ အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဝဲသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစိုင်းအောင်မင်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ သင်တန်းများကို စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ ၅ နာရီမှ ၇ နာရီအထိ သုံးလကြာသင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ဆွေ/ဆုပ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် ၈ ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီကုန်စ်ပြကျေးရွာတွင် ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်းနှိမ်နင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ ရှင်းလင်းဖယ်ရှားခြင်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ခံဝင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များသည် ကျေးရွာအတွင်းရှိ ပြည်သူများ၏နေအိမ်နှင့်ပတ်ဝန်းကျင်ရှိ ကျွဲကျက်စည်၊ ရေစည်၊ ရေတိုးနှင့် ဘုရားပန်းအိုးအတွင်းရှိ ရေများအား ပိုးလောက်လမ်းရှိမရှိ စစ်ဆေးခြင်း၊ ဖုံးသွန်လဲစစ်၊ အဘိတ်ဆေးဘတ်ခြင်း(ယာဝုံ)ခြင်းဆေးမှုတ်ခြင်းနှင့်မြောင်းများအတွင်းရှိ နုန်းနှင့်အမှိုက်သရိုက်တို့အား ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရှိရသည်။ (၁၆၆)

ပန်းလောင်မြစ်အနီး စမာသဲထုတ်ရေတံခါးဖွင့်

နေပြည်တော် ၈ ဇူလိုင် ၂၉

မြစ်သားမြို့ ပန်းလောင်မြစ်အနီးရှိ စမာသဲထုတ်ရေတံခါးတပ်ဆင်အောင်မြင်ပြီး၍ ရေတံခါးဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် နံနက်က ရှင်းလင်းဆောင်ခွံကျင်းပရာ စမာသဲထုတ်ရေတံခါးဖွင့်ပွဲအဖြစ် ပန်းလောင်မြစ်အတွင်းရေရောက် စမာသဲထုတ်ရေတံခါးအတွင်းသို့ စက်ယန္တရားဖြင့် ဖောက်ချဖွင့်ပေးခဲ့သည်။ (ယာဝုံ)

ထို့နောက် စမာသဲထုတ်ရေတံခါးအတွင်း ဝင်ရောက်လာသော ပန်းလောင်မြစ်ရေကို စမာသဲထုတ်ရေတံခါးမှ တစ်ဖက်ရေစီးမြောင်းထဲသို့ တံခါးဖွင့်၍ လွှတ်ပေးခဲ့သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလအတွင်း ပန်းလောင်မြစ်ရေလွှဲခြင်းကြောင့် မြစ်သားမြို့နှင့်အနီးပတ်ဝန်းကျင် ရေနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ပြီး စမာရေလွှဲဆည်၏ လက်ယာဘက် ရေထိန်းတာပေါင်တို့ အရေးပေါ်ဆိုးဖောက်ခဲ့ရသည်။ ဆိုးဖောက်သည့်နေ့ရာမှ ရေစီးနှင့်အတူ ဗေဒါ၊ ဒိုက်များ ရှင်းလင်းမျောပါသွားခဲ့ကြောင်းတွေ့ရသဖြင့် မြို့မိမြို့ဖများက ကျော်ပြုအန္တရာယ်ကာကွယ်ရန်နှင့် ဗေဒါဒိုက်များ အစဉ်ရှင်းလင်းဖယ်ထုတ်ရန်အတွက် သဲထုတ်ရေတံခါးတပ်ဆင်ပေးရန် ၂၀၀၇ ခုနှစ်က မြို့မိ မြို့ဖများက သက်ဆိုင်ရာသို့ တင်ပြခဲ့ကြသည်။

စမာသဲထုတ်ရေတံခါးကို မိုးရာသီ ပန်းလောင်မြစ်ရေကြီးချိန် မြစ်သားမြို့နှင့်အနီးပတ်ဝန်းကျင်ရှိရွာများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်၊ ပိုလှုံလာသည့်ရေများကို အစဉ့်အမြဲထိန်းညှိ လွှတ်ပေးရန်၊ ပန်းလောင်မြစ်အတွင်း လိုအပ်ပါက ရေကုန်သည်အထိ ရေခါထုတ်ရန်၊ ရေစီးနှင့်အတူ ဗေဒါ၊ ဒိုက်များ ရှင်းလင်းဖယ်ထုတ်နိုင်ရန်တည်ဆောက်ပေးခဲ့သည်။

စမာသဲထုတ်ရေတံခါးများမှာ သံမဏိသံပေါင် ၆၀ ဉ၀၊ ၁၄ ပေ နှစ်ပေါက်ဖြစ်ပြီး သဲထုတ်ရေတံခါးရေပြည့်အနက်မှာ ၁၅ ပေဖြစ်သည်။ ၂၀၁၂ ခုနှစ် ဧပြီ ၄ ရက်က စတင်တည်ဆောက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရှိရသည်။ (၀၁)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

မြိတ်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံစီမံကိန်း

နှားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

ရေမြည်တော် ဇူလိုင် ၂၉

တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနနှင့် သန်းဖြိုးသူသဘာ္ဂလုပ်ငန်းကုမ္ပဏီလီမိတက်တို့အကြား မြိတ်မြို့ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းနှားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့အကြား ကော့သောင်း မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ဂရိုယ်စား ဓာတ်အားဖြန့်ဖြူးရေးခြင်း ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက်နံနက် ၈ နာရီခွဲတွင် တိုင်းဒေသကြီး အစိုးရဒုတိယဝန်ကြီးချုပ် ဦးမြတ်ကိုက ဒေါ်ခင်ဦးသိန်းဝင်းတို့ကိုယ်စား ဒေါ်ခင်ဦးသိန်းဝင်းက လက်မှတ်ရေးထိုးခဲ့ကြသည်။

ကော့သောင်းမြို့နှင့် အနီးတစ်ဝိုက်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာဖြင့် ဈေးနှုန်းချိသာစွာ သုံးစွဲနိုင်ရေးအတွက် ယနေ့ဓာတ်အားဖြန့်ဖြူးရေးခြင်း၊ ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးမည့် (၈)မင်္ဂလာဝိ စက်တပ်ဆင်အင်အားရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ရာ မကြာမီ ရက်ပိုင်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်စေတော့မည်ဖြစ်၍ ဒေသအတွင်း ရေလုပ်သားများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ လျှပ်စစ်ဓာတ်အားကို တစ်ယူနစ် ၂၀၀ ကျပ် ကျော်ကျော်လေးဖြင့် အခိုန်ပြည့်သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ထား၀ယ်မြို့အတွက် ကဲပါက် ကျေးရွာတွင် သဘာ၀ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားစျေးနှုန်း သက်သာစွာသုံးစွဲနိုင်ရေးအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ထို့အပြင် တနင်္သာရီတိုင်း ဒေသကြီးအတွင်း ကျေးရွာများပါ လျှပ်စစ်ဓာတ်အားရရှိနိုင်မည့် နေရာများအား ရှာဖွေ၍ ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး စက်မှု လက်မှုဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် သန်းဖြိုးသူ သဘာ္ဂလုပ်ငန်း ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်လွင်တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကုမ္ပဏီတို့အကြား မြိတ်မြို့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း နှားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကြား ကော့သောင်း မြို့နယ်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ကိုယ်စား ဓာတ်အားဖြန့်ဖြူးရောင်းချခြင်း ပဋိညာဉ်စာချုပ် အား တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က လက်မှတ်ရေးထိုးကြသည်။

စီစဉ်ဆောင်ရွက်

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဦးပွားနေဖွဲ့ဖြိုးတိုးတက်ရေး(စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ) ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပရာ ဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်၍မှာကြားရာတွင် တနင်္သာရီတိုင်း ဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်/ဖြန့်ဖြူးမှုလုပ်ငန်းများကို လွန်ခဲ့သည့် နှစ်များစွာကတည်းက နိုင်ငံတော်မှ မြို့ကြီးအချို့၌ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း နိုင်ငံပိုင်စက်ကြီးများ၏ ချွတ်ယွင်းအားနည်းလာမှု၊ လုပ်သားပြည်သူများ၏ လျှပ်စစ်စက်ပစ္စည်းများ၏ ဓာတ်အားသုံးစွဲနေလို့မှုများကြောင့် ဒေသမီးလင်းနေအဖွဲ့ ငပဲများ။ မီးလင်းနေကုမ္ပဏီများကို ခွဲခြမ်းလုပ်ကိုင်ခဲ့ခဲ့ကြောင်း လက်ရှိအစိုးရလက်ထက်တွင် ယခင်ခွင့်ပြုလုပ်ကိုင်ခဲ့သော မြို့နယ်/မြို့/ရပ်ကွက်/ကျေးရွာမီးလင်းနေ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်စေခဲ့သကဲ့သို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်/ဖြန့်ဖြူးနိုင်ရေးအဖွဲ့ ငပဲများ၏တင်ပြချက်များကို လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ထို့အပြင် ကုမ္ပဏီများ၏ ဆောက်လက်အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မေတ္တာမြို့နယ်ခွဲမှာ စက်တပ်ဆင်အင်အား (၂၀) မင်္ဂလာဝိရှိသော လေအား လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းကို Zeya & Associates Co., Ltd. နှင့် ပေါ်းစပ်ဆောင်ရွက်လျက် ရှိကြောင်း၊ ရေဖြူမြို့နယ်၊ ကလိန်းအောင်မြို့နယ်ခွဲကဲပေါက် ကျေးရွာမှာ စက်တပ်ဆင်အင်အား (၅၀) မင်္ဂလာဝိရှိသော သဘာ၀ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရန် Dawei Power and Utility Co., Ltd.မှ စခန်းသပ်တိုင်းထွာမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မြိတ်ခရိုင် တနင်္သာရီမြို့နယ်နှင့် ကော့သောင်း ခရိုင် ဘုတ်ပြင်းမြို့နယ်များကြားမှာ လည်း ကျောက်မီးသွေးသုံး ဓာတ်အား ပေးစက်ရုံတည်ဆောက်ရန် 24-Hour Mining & Just Co.,Ltd. မှ ဆောင်ရွက်နေပါကြောင်း။

တင်ပြဆွေးနွေး

မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောငကျေးရွာတွင် တစ်ဖက်နိုင်ငံမှ ဓာတ်အားရှယူပြီး ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းကို ဖိုးသီးချိုကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိကြောင်း။ ထားဝယ်မြို့၏ အလွှေဘက် ၁၂ မိုင်အကွာမှာ ရှိသော အညာများချောင်းပေါ်မှာ လျှပ်စစ်ဓာတ်အား (၂၄) မင်္ဂလာဝိ ထွက်ရှိမည့် အညာဖျား ရေအားလျှပ်စစ်စီစီမံကိန်းကို သဘာ၀ဓာတ်အင်လှိုင်းကုမ္ပဏီလမ်း တက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထား၀ယ်ခရိုင် မွတ္တာမြို့နယ်ခွဲတွင်းမှာ သတ္တုကြွင်း ဝန်ကြီးဌာနက လက်ရှိတာ၀န်ယူထားသော ဖောင်းတောရေအားလျှပ်စစ် စက်ရုံကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် စီမံလေ့လာဌာနေကုမ္ပဏီမှ နိုင်ငံခြားသားပညာရှင်များနှင့် စမ်းသပ် တိုင်းထွာရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြောင်း၊ စွမ်းအင်နှင့် လျှပ်စစ် စွမ်းအားကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲမှာ တင်ပြဆွေးနွေးကြမည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ လက်ရှိမီးလင်းရေလုပ်ငန်း ဆောင်ရွက်နေသည့် မီးလင်းရေကုမ္ပဏီ များအနေနှင့် တနင်္သာရီတိုင်းဒေသကြီး အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ် ဓာတ်အားကို စျေးနှုန်းချိသာစွာနှင့် သုံးစွဲနိုင်ရေးတို့ကို ဦးတည်ပြီး နောင် ဆက်လက်အကောင်အထည်ဖော် ဆောင် ရွက်မည့်အခြေအနေတွေကို ရှင်းလင်း တင်ပြသွားရန်နှင့် လုပ်ငန်းဆောင်ရွက်မှု တွေမှာ နိုင်ငံတော်အနေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနှင့်ဖြစ်စေ ကူညီပံ့ပိုး ဆောင်ရွက်ပေးရန် လိုအပ်မည့်အခြေ အနေတွေကို ပွင့်လွှင့်လင်းလင်းတင်ပြ ဆွေးနွေးသွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက်ရောက်အားပေး

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို မြိတ်မြို့ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်း နှားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲနှင့် ကော့သောင်း-မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၏ကိုယ်စား ဓာတ်အားဖြန့်ဖြူးရောင်းချခြင်း ပဋိညာဉ်စာချုပ် လက်မှတ် ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

❖ မြစ်ရေကြီးမှု

ပဲခူးမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၈၆၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီ အတွင်း ဖားဒိုးမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ရွာကျင်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ရွာကျင်မြို့တွင် ၆၅၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ဖားဒိုးမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဧရယေဒေတ္တာကြားနည်းစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဇူလိုင် ၁၅ ရက်က မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ကန်ကြီးရပ်ရေ ဦးစိန်ဝင်း-ခေါ်ခင်လေးဒါသာစုတို့က မုန်တိုင်းသားရိပ်သာတိုင်းခဲ့အထွားဆောင်အတွက် ငွေကျပ် ၄၅၀၀၀၀ ကို တိုင်းသားရိပ်သာအမှုဆောင်ကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်ထံ ပေးအပ်လျှက်ရှိနေစဉ်။

(မြန်မာ့အလင်း)

နှားထိုးကြိုဌ် အခွန်အသိပညာပေး

နှားထိုးကြီး ဇူလိုင် ၂၉

နှာထိုးကြီးမြို့ အခြေခံပညာအထက် တန်းကျောင်း အောင်သူခိုနိုးခန်းမ၌ ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ် အခွန်ဦးစီးဌာနမှ အခွန်အသိပညာပေး အခမ်းအနာဂျင်းပရာ အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန်းထွန်းက အခွန်တာဝန်ကျေပွန်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ အခွန်ဆိုင်ရာ မူဝါဒများနှင့် အခွန်ကောက်ခြင်းစသည် များကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရ သည်။

(မြို့နယ်အခွန်ဦးစီး)

ပိုးအဆက်မပြတ်ရှာသွန်းသဖြင့် ပေါင်းလောင်းမြှစ်ရေလျှံ ပျဉ်းမနားမြို့နယ် ကျေးရွာအချို့ရေဝင်

ရေမြည်တော် ဇူလိုင် ၂၉

ယခုရက်ပိုင်းအတွင်း ဖိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပေါင်းလောင်းမြစ်ရေလျှံတက်ကာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကုးတွိဆိပ်ကျေးရွာအုပ်စု အင်းသာ၊ သာယာစု၊ ကြို့တန်းကျေးရွာများ၌ ယနေ့နံနက်ပိုင်းတွင် အနိမ့်ပိုင်း နေအိမ်အချို့ ရေဝင်ရောက်လျက်ရှိကြောင်း သတင်းရရှိသဖြင့် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောအဖွဲ့သည် အဆိုပါကျေးရွာများသို့ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် သွားရောက်ကာ ကျေးရွာများမှ ရပ်မိ/ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပြီး ရေဝင်သောနေအိမ်များ ရေလွှတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေး၊ လုံခြုံရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ပေါင်းလောင်းမြစ်ရေတက်မှုကြောင့် အဆိုပါကျေးရွာသုံးရွာတွင် အိမ်ခြေ ၁၂၄ အိမ်၊ အိမ်ထောင်စု ၁၂၄ စု၊ လူဦးရေ ၆၁၀ တို့အား ရေလွှတ်ရာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အေးဝံ့)**

(မြို့နယ်ဆွေ/အုပ်)

■ မြင့်နိုင်သောအန္တရာယ်မှ

များကို သတင်းစာမျက်နှာများပေါ်၌ တွေ့မြင်နေရသည်။

ထို့အပြင် သက်တမ်းရှင်းပင်အိုကြီးများ အမြစ်ပါ ပင်လုံးကျွတ်လဲကျမှုကြောင့် လူနှင့်ယာဉ်များ အန္တရာယ်ကြုံတွေ့လာရသည်ကိုလည်း ကြားမိသည်။

ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီခွဲခန့်က လေပြင်းတစ်ချက်တိုက်ခတ်မှုကြောင့် ရန်ကုန်မြို့လယ် ဗိုလ်အောင်ကျော်လမ်းရှိ ဝိတောက်ပင်ကြီးမှာ ပင်လုံးကျွတ် လဲပြိုသွားခဲ့သည်။

ဝိတောက်ပင်ကြီးလဲကျမှုကြောင့် ပလက်ဖောင်းဘေးတွင် ရပ်ထားသော မြန်မာဓနဓိ ဆလွန်းကားသစ်လေးတစ်စီး၊ ၎င်းနောက် ဆုရကီး R- နှင့်အခြားကား တစ်စီးတို့မှာ ဆိုးဆိုးရွားရွား ပျက်စီးဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့ရသည်။

ယာဉ်ပိုင်ရှင်များကိုယ်စား ဝင်ခံစားကြည့်မိသည်။ မည်မျှနှမြောလိုက်မည်နည်း။ ကိုယ်ချင်းစာတရားဖြင့် များစွာစိတ်မကောင်းဖြစ်မိသည်။

တစ်နေ့က မြို့နယ်တစ်ခုအတွင်းတွင် မြို့တော်စည်ပင်သာယာနေ့ကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းဌာနမှ သစ်ပင်များရှင်းလင်းသောအဖွဲ့ တစ်ဖွဲ့နှင့် တွေ့ဆုံမိသည်။

တာဝန်ခံပုဂ္ဂိုလ်က "အခုလိုအန္တရာယ်ရှိနိုင်တဲ့ အပင်အိုတွေဖြေရင် ရပ်ကွက် အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်စည်ပင်ကို အကြောင်းကြားရင် လာခုတ်ပေးပါတယ်။ ဒါမှမဟုတ် ဒုံမြို့နယ် ကန်တော်ဇင်္ကာပန်းခြံအတွင်းရှိ အနေကာပိုင်း ခရိုင်ရုံးကို တိုက်ရိုက်လာရောက်အကြောင်းကြားရင်လည်း ခုတ်ပေးပါတယ်" ဟု ရှင်းပြပေးပါသည်။

ဆက်လက်၍ "အများပြည်သူတွေသွားလာနေတဲ့ လမ်းဘေးက အန္တရာယ်ရှိနိုင်တဲ့ အပင်ကြီးတွေဆို ကျွန်တော်တို့ အထက်ကိုတင်ပြပြီး ရှင်းလင်းပေးနေပါတယ်၊ အခုလိုရပ်ကွက်ထဲက အပင်တွေကျတော့ စိုက်ထားတဲ့သူတွေနဲ့ မကြာခဏ စကားတွေအများကြီးပြောရပါတယ်၊ သူတို့က သူတို့စိုက်ထားတဲ့အပင်ကို နှမြောတယ်၊ အများပြည်သူက အန္တရာယ်ရှိကြောင်းတင်ပြလာတယ်၊ ဘဲဒီအကြားမှာ ဆောင်ရွက်ရတဲ့ ကျွန်တော်တို့အနေနဲ့ အခက်အခဲတွေအများကြီးရှိခဲ့ပါတယ်" ဟု အတွေ့အကြုံများကို ပြောပြသည်။

အမှန်တကယ်တော့ အုန်းပင်နှင့် အခြားသီးပင်စားပင်များ စိုက်ပျိုးထားသူ ပိုင်ရှင်များအနေဖြင့် နှမြောသည်မှာ သဘာဝကျလှုပ်ါသည်။ သို့သော် ယနေ့ခေတ် စကားပမာ "ဘာမှမဖြစ်လျင်တော့ ဘာမှမဖြစ်ပါ" ဆိုသလို ယခုလို မိုးလေ ကျရောက်တတ်သည့်ကာလမျိုးဌ် လမ်းပေါ်သို့ ကိုင်းညွတ်နေသော အုန်းပင်မှ အုန်းသီးတစ်လုံး ကြွေကျလျင်ပင် အလွန်အန္တရာယ်ကြီးမားလှသည်ဖြစ်ရာ အများ ပြည်သူတို့အတွက် အန္တရာယ်ရှိနိုင်သော သက်တမ်းရင့် အပင်အို အပင်ဆွေးများကို ကြိုတင်ရှင်းလင်းခြင်းဖြင့် မမြင်နိုင်သော အန္တရာယ်များအား တာဝန်ရှိသူ များနှင့်အတူ ပိုင်းဝန်းကျည် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြု ရေးသား လိုက်ပါသည်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ရိုက်ကွဲဒုံးပျံပြင့် ဂြိုဟ်တုလေးလုံးလွှတ်တင်
အာကာသ၌ ရုရှားစစ်ဘက်ဂြိုဟ်တု ၇၀ ရှိလာမည်

မော်စကို ၃၀လို ၂၉

ရုရှားနိုင်ငံမြောက်ပိုင်း ဝလီဆက် အာကာသစခန်းမှ စစ်ဘက်ဂြိုဟ်တု တစ်လုံး၊ အရပ်ဘက်ဂြိုဟ်တုသုံးလုံး တို့ကို ရိုက်ဒုံးပျံဖြင့် ၃၀လို ၂၇ ရက်က အာကာသအတွင်း လွှတ်တင်လိုက်ကြောင်း ရုရှား အာကာသကာကွယ်ရေးတပ်ဖွဲ့ (အေဒီအက်ဖ်)က ၃၀လို ၂၈ ရက်တွင် ကြေညာသည်။

ရောက်ရှိ

ဂြိုဟ်တုများကို ရုရှားဒုံးပျံရွှေကျဖြင့် ၃၀လို ၂၇ ရက် ရုရှားစံတော်ချိန် နံနက် ၅ နာရီ ၃၅ မိနစ်က လွှတ်တင်လိုက်ပြီး ဂြိုဟ်တုများ လိုရာအမြင့်လမ်းကြောင်းသို့ ယင်းနေ့ နံနက် ၇ နာရီ ၂၁ မိနစ်တွင် ရောက်ရှိသွားသည်ဆိုသ်။

စစ်ဘက်ဂြိုဟ်တုသည် လိုရာကမ္ဘာပတ်လမ်းကြောင်းသို့ ရောက်ရှိခဲ့ရာ ယခုအခါ အာကာသအတွင်း၌ ရုရှားစစ်ဘက်ထောက်လှမ်းရေးဂြိုဟ်တု ၇၀ ရှိသွားပြီဖြစ်သည်။

ရုရှားနိုင်ငံက ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တင်မှုမအောင်မြင်သဖြင့် ရိုက်ဒုံးပျံ လွှတ်တင်မှု ရပ်ဆိုင်းခဲ့သည်။ (အင်တာနက်)

ရုရှားနိုင်ငံမြောက်ပိုင်း ဝလီဆက် အာကာသ စခန်းမှလွှတ်တင်လိုက်သော ရိုက်ဒုံးပျံကို တွေ့ရစဉ်။

ပါပူဝါနယူးဂီနီနိုင်ငံ၌ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိ ငလျင်လှုပ်

ပေကျင်း ၃၀လို ၂၉

ပါပူဝါနယူးဂီနီနိုင်ငံ၏ နယူးအိုင်ယာလန်ဒေသတွင် ရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိမြေလှုပ် ၃၀လို ၂၉ ရက်ကလှုပ်ခဲ့ကြောင်း တရုတ်မြေငလျင်တိုင်းတာရေးကွန်ရက်စင်တာ၏အဆိုအရ ပေကျင်းတိုင်းမ်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ငလျင်သည် မြေအောက်အနက် ကီလိုမီတာ ၎၀ ခန့်တွင် ဗဟိုပြု၍ တောင်လယ်ဘီကျူ ၄ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂီတွဒ် ၁၅၃ ဒသမ ၁ ဒီဂရီတွင် ဒေသစတော်ချိန် နံနက် ၄ နာရီ ၆ မိနစ်က လှုပ်သွားခဲ့ခြင်းဖြစ်ကြောင်း တရုတ်ငလျင်တိုင်းတာရေးစင်တာက သတင်းထုတ်ပြန်သည်။ (အင်တာနက်)

အမေရိကန်မောင်းသူမဲ့လေယာဉ် ဆိုမာလီတောင်ပိုင်း၌တိုက်ခိုက်

ဆိုမာလီ ၃၀လို ၂၉

ဆိုမာလီနိုင်ငံတောင်ပိုင်း၌ ၃၀လို ၂၉ ရက်က အမေရိကန် မောင်းသူမဲ့လေယာဉ်များ၏ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လူ ၁၈ ဦး သေဆုံးခဲ့ပြီး ၁၁၇ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပဓာနစိတ်ဝိဇ္ဇ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ (ယာဉ်)

အဆိုပါ တိုက်ခိုက်မှုများသည် မြောက်ကစ်မာယူရြို့အပြင်ဘက် လပ်လောင်းအရပ်၌ ၃၀လို ၂၉ ရက်က တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဆိုမာလီ တာဝန်ရှိသူများက ပြောကြားသည်။ အမေရိကန်စစ်တပ်က ဆိုမာလီနိုင်ငံတွင် ကင်းထောက်စစ်ဆင်ရေးများနှင့် အကြမ်းဖက်တိုက်ခိုက်ရေးသမားများအား အဝေးထိန်းမောင်းသူမဲ့လေယာဉ်များ အသုံးပြုလျက် တိုက်ခိုက်နေကြောင်းဖြင့်လည်း ဆိုမာလီတို့ကပြောကြားသည်။ (အင်တာနက်)

အာကာသယာဉ်မှူးများနှင့် သိပ္ပံပညာရှင်များအား တရုတ်သမ္မတဟူကျင်ထောင် ချီးကျူးဂုဏ်ပြု

ပေကျင်း ၃၀လို ၂၉

တရုတ်သမ္မတဟူကျင်ထောင်သည် လူလုံကိပါသည့် အာကာသခရီးမှ အာကာသသိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် အာကာသယာဉ်မှူးများကို ပေကျင်းမြို့၊ ပြည်သူ့ခန်းမဆောင်၌ ၃၀လို ၂၇ရက်က တွေ့ဆုံဂုဏ်ပြုခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အာကာသယာဉ်မှူး သုံးဦး၊ သိပ္ပံပညာရှင်များ၊ နည်းပညာလုပ်သားများ၊ ယင်းလုပ်ငန်းနှင့်ပတ်သက်သည့် အရာရှိများ၊ လုပ်သားများနှင့် စစ်ဘက်အရာရှိများအား သမ္မတဟူကျင်ထောက်က ချီးကျူး ဂုဏ်ပြုစကား ပြောကြားသည်။

တရုတ်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေးတွင် အောင်မြင်မှုများ ပိုမိုရရှိရေးအတွက် ဆက်လက်ကြိုးပမ်းကြရန်လည်း တရုတ်သမ္မတဟူကျင်ထောက်က တိုက်တွန်းလိုက်သည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားကို ဝန်ကြီးချုပ် ဝမ်ကြားပေါင် အပါအဝင် တရုတ်အဖိုးရထိပ်တန်းတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ (အင်တာနက်)

ကမ္ဘာ့ကျားသတ္တဝါများနေ့ နီပေါနိုင်ငံ၌ ကျင်းပ
ကမ္ဘာပေါ်တွင် ကျားကောင်ရေ ၃၅၀၀ ခန့်သာရှိတော့

ခတ္တမန္တူ ၃၀လို ၂၉

ကျားသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်နေနှင့် စပ်လျဉ်းသည့် သတိမူနေ့အစီအစဉ်တစ်ရပ်အဖြစ် နီပေါနိုင်ငံ၌ ၃လို ၂၉ ရက်က ကမ္ဘာ့ကျားသတ္တဝါများနေ့ ၂၀၁၂ အထိမ်းအမှတ် အခမ်းအနားကျင်းပခဲ့သည်။ အဆိုပါနေ့ကို ကမ္ဘာပေါ်ရှိ ကျားသတ္တဝါများရှိသည့်နိုင်ငံတို့၌လည်း ကျင်းပခဲ့ကြသည်။ နီပေါနိုင်ငံသည် ကျားသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရေး အနီးကပ်မှုပေါင်းဆောင်ရွက်လုပ်ကိုင်ဖျက်ရှင်းသော နိုင်ငံပေါင်း ၁၃ နိုင်ငံအနက် တစ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (၅၀လျှ ၁၀လျှအက်ဖ်)က ယျိုးသည့်ပေျာက်ကွယ်ရန် ခြိမ်းခြောက်ခံနေရပြီဖြစ်သော ကျားသတ္တဝါများကို အမဲလိုက်သတ်ဖြတ်ခြင်းမပြုကြရန် တိုက်တွန်းဆော်ဩလိုက်သည်။

ဂင်းနေ့တွင် မျိုးသုတ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ကျားသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းကို အားပေးဖြင့်တင်သည့်အနေဖြင့် ကျားသတ္တဝါအား ရေတွက်ခြင်း၊ ကျားသတ္တဝါပန်းချီရေးဆွဲပြိုင်ပွဲကျင်းပခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ကျားကောင်ရေ ၁၀၀၀၀၀ ရှိလိမ့်မည်ဟု မူလက ခန့်မှန်းထားသော်လည်း ယခုအခါ ကျားကောင်ရေ ၃၅၀၀ ပင် မပြည့်တော့ကြောင်း သတင်းများက ဖော်ပြသည်။ (၁၀၄) နီပေါနိုင်ငံ၌ တောင်အာရှဒေသတွင် တွေ့ရသော ဘင်္ဂလားကျားများကို တွေ့ရသည်။ ကျားမျိုးစိတ်ပေါင်း ၁၈၀၀ ခန့်ရှိရာတွင် နီပေါနိုင်ငံတွင် ၁၅၀ ခန့် တွေ့ရကြောင်း ဒဗလျူဒဗလျူအက်ဖ် က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းမှ ကျားသတ္တဝါများသည် အမဲလိုက်ခြင်းနှင့် သစ်တောများ ပြန်းတီးလာခြင်းတို့ကြောင့် တဖြည်းဖြည်း လျော့နည်းလာလျက်ရှိသည်။

အမဲအင်နီအေ၊ ဆင်ဟွာ

အစ္စရေးလေတပ် စစ်ရေးလေ့ကျင့်မှု ရပ်ဆိုင်းထားရန်ဆုံးဖြတ်

ဂျေရုဆလင် ၃၀လို ၂၉

အစ္စရေးလေတပ်မှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များ စက်ချွတ်ယွင်းသဖြင့် အစ္စရေးလေတပ်က လာမည့် ရက်သတ္တပတ်တွင် ပြုလုပ်မည့် လေယာဉ်ပျံသန်းရေး ဆီဖြည့်ရေး အစီအစဉ်နှင့် လေ့ကျင့်ပျံသန်းရေး စစ်ရေးလေ့ကျင့်မှု အစီအစဉ်များကို ရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ အစ္စရေးလေတပ်တွင် ခေတ်အမီဆုံး တိုက်ခိုက်ရေးလေယာဉ်ဖြစ်သည့် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်နှင့် လေတပ်သုံး ဘိုးအင်း-၇၀၇ လောင်စာဆီတင်လေယာဉ်တို့၏ ဆီဖြည့်ရေးလေ့ကျင့်မှု ၃လို ၂၆ ရက်က ပြုလုပ်စဉ် မအောင်မြင်သဖြင့် လေယာဉ်များ အရေးပေါ်ဆင်းသက်လိုက်ရသည် ဆို၏။ (အောက်ပုံ)

အလေအပျောက်မရှိသော်လည်း အစ္စရေးနိုင်ငံတောင်ပိုင်း အိုဗဒါလေတပ်စခန်း၌ လေ့ကျင့်စဉ် ယင်းသို့ မအောင်မြင်ခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ထိုလေ့ကျင့်မှုများရပ်ဆိုင်းရန် ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု ဂျေရုဆလင်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။ (အင်တာနက်)

နိုင်ဂျီးရီးယားအကြမ်းဖက်မှု မသက်ဖွယ် လူနှစ်ဦးဖမ်းဆီး

မိုင်ဒူဂုရီ ၃၀လို ၂၉

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘော်နိုပြည်နယ် မိုင်ဒူဂုရီမြို့တော်အတွင်းမှ ဘိုကိုဟာရမ်လူမျိုးစုဝင် အနည်းဆုံး ၂၆ ဦးတို့အား ၃လို ၂၇ ရက်က ဖမ်းဆီးလိုက်ကြောင်း စစ်ဘက်အာဏာပိုင်များက ပြောကြားသည်။

ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အိန္ဒိယအမျိုးသားနှစ်ဦး အသတ်ခံရမှုနှင့်စပ်လျဉ်း၍ ထောက်လှမ်းရေးသတင်း ရရှိပြီးနောက် မသက်ဖွယ် ဘိုကိုဟာရမ် လူမျိုးစုဝင်များအား ဓမ်မိတ္တ စီးနင်းဝင်ရောက် ဖမ်းဆီးခဲ့ကြောင်း ပုဒ်တွဲစစ်ဆေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဆာဂါမူဆာက ဆင်ဟွာသို့ ပြောကြားသည်။

မိုင်ဒူဂုရီမြို့ ဘူလာ-ဘူလင်အရပ်နှင့် ကာဆူဝမ်ရာဇ အရပ်တို့တွင် မိမိတို့တပ်ဖွဲ့ဝင်များ စီးနင်းဝင်ရောက်ရှာဖွေရာတွင် လက်နက်ခဲယမ်းအချို့ကိုလည်း တွေ့ရှိသဖြင့်လည်း ဒုတိယဗိုလ်မှူးကြီးဆာဂါမူဆာက ဆက်လက်ပြောကြားသည်။

မိုင်ဒူဂုရီမြို့ ဂမ်းအာရာဗီစက်ရုံရှိ အလုပ်သမားအမျိုးသားနှစ်ဦးအား ၎လို ၂၆ ရက်တွင် သေနတ်သမားတို့က ပစ်သတ်သွားသည်ဆိုသ်။ (အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ ၂၉-၇-၂၀၁၂

တင်ဇေမောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

အိန္ဒိယ-ပါကစ္စတန်နယ်စပ်၌ ဥပင်လိုက်ခေါင်းတွေ့ရှိ

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားဒေသတွင် အိန္ဒိယ-ပါကစ္စတန်နယ်စပ် အရှည် ၆၀၀ခန့် မြေအောက်ဥမင်လိုက်ခေါင်းတစ်ခုကို တူးဖော်တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာ အရာရှိများက ၃လို ၂၉ ရက်တွင် ပြောကြားသည်။

အဆိုပါ ဥမင်လိုက်ခေါင်းကို ကက်ရှ်မီးယားဒေသ ဂျန်မူမြို့၊ အနောက်တောင်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာရှိ ဆင်ဘာခရိုင်အစပ်၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ (အောက်ပုံ)

ခရီးလာယာဉ်နှင့်ပစ္စည်းတင်ယာဉ်များအခြေစိုက်စခန်းအနီး မိုးများရွာသွန်းမှုကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်သည့်နေရာ တစ်နေရာမှ ယင်းဥမင်လိုက်ခေါင်းကို တွေ့ရှိခြင်းဖြစ်သည်ဟု ဆစ်ဘာခရိုတပ်ဖွဲ့ အကြီးအကဲ အမ်ရာခန်းက သတင်းထောက်များအား ပြောကြားခဲ့သည်။ ဥမင်ဥမင်လိုက်ခေါင်းသည် အကျယ်လေးဝီတာရှိပြီး အိန္ဒိယနိုင်ငံ ခရီးလာယာရီနယ်စပ်မှ ပါကစ္စတန်နယ်ဘီရိယာ နယ်စပ်နှစ်ခုကြား ဆက်သွယ်ထားခြင်းဖြစ်သည်။ ဥမင်လိုက်ခေါင်းကို ဒေသတွင်းလယ်သမားတစ်ဦးက သူ၏ လယ်ကွင်းသို့ အသွား ပထမဆုံးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့နောက် အဆိုပါရွာသားက အိန္ဒိယနယ်စပ်တပ်ဖွဲ့ သို့ လာရောက်သတင်းပို့ခဲ့ပြီးနောက် စတင်တူးဖော်ခဲ့ခြင်းဖြစ်ကြောင်း အမ်ရာခန်းက ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားရေလွှမ်းမှု သေဆုံးသူ ၈၈ ဦးအထိရှိလာ

မြောက်ကိုရီးယားနိုင်ငံတွင် မိုးများဆက်မပြတ်ရွာသွန်းပြီး ရေလွှမ်းမှုများကြောင့် သေဆုံးသူ ၈၈ ဦးအထိရှိလာပြီး ဒဏ်ရာရသူ ၁၃၄ ဦးရှိလာရကြောင်း ဒေသဆိုင်ရာစီးပွားများက ၃လို ၂၈ ရက်တွင် ပြောကြားသည်။ ၁၁ တိုင်းတစ်တစ်ဆာင်း မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် နေအိမ် ၁၂၀၃၀ ထက်မနည်း ရေနစ်မြုပ်ခဲ့ပြီး အိမ်ခွေ ၅၀၀၀ကျော် ပျက်စီးခဲ့ကြောင်း ပြိုယစီးအစိုးရသတင်းဌာန ကေစီအင်နဲ့အေက ၃လို ၂၈ ရက် ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ တိုင်းနှင့်မှန်တိုင်းကြောင့် မိသားစုထောင်ပြီး ပညာရေးဆိုင်ရာ အဆောက်အအုံနှင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများအပါအဝင် အဆြခံအဆောက်အအုံပေါင်း ၃၀၀ကျော်နှင့် စက်ရုံပေါင်း ၆၀တို့ပျက်စီးခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ထပ်မံဖော်ပြသည်။ ၃လို ၁၈ ရက်ကတည်းက စတင်ရေလွှမ်းခဲ့သည့်အတွက် အိမ်ခွေထောင်ပေါင်းများစွာပျက်စီးခဲ့ပြီး လူပေါင်း ၆၃၀၀၀နီးပါး အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ ယင်းရေလွှမ်းမှုကြောင့် ကောလဝဲသီးနှံစိုက်ခင်းပေါင်း ၄၈၀၀ ပျက်စီးခဲ့ပြီး ဒေသတွင်း ဆက်သွယ်ထားသည့် လမ်းနှင့်တံတားများစွာပျက်စီးခဲ့ရသည်ဟု ထုတ်ပြန်ချက်၌ ဖော်ပြသည်။ (အင်တာနက်)

မွန်ပြည်နယ်၌ မြို့နယ်အဆင့် စာရင်းကောက်ယူရေး ပွဲ စည်းဝေးပြု

နေပြည်တော် ၂၉ လိုင် ၂၀၁၂

မွန်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ကော်မတီ(၈)ရပ်ဖွဲ့စည်းကာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများအား ကော်မတီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာမှ ပြည်နယ်မှူးများအား ကော်မတီအတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များကို တိကျစွာ စာရင်းကောက်ယူပြုစုနိုင်ရေးတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနနှင့် ဒေသခံဘဲ့ရလူငယ်များအဖွဲ့ဝင်များဖြင့် တာဝန်ပေးအပ်ရန် ညွှန်ကြားချက်အရ မွန်ပြည်နယ်တွင် မြို့နယ်အဆင့် စာရင်းကောက်ယူရေးအဖွဲ့များအား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

မြို့နယ်အဆင့် စာရင်းကောက်ယူရေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြို့နယ် ၁၀ မြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ဒုတိယမြို့နယ်ဦးစီးမှူးများအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်(**အမေပါတဝဲ**)က ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ခေါ်ယူတွေ့ဆုံ၍ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ ပြည်သူ့လုပ်ထုံးနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လုပ်ငန်းတာဝန်ဆောင်ရွက်မှုသည် နိုင်ငံတော်အစိုးရနှင့် မွန်ပြည်နယ်အစိုးရက လိုအပ်ချက်အရ တာဝန်ပေးအပ်သောလုပ်ငန်းဖြစ်၍ ကျေးဇူးစွာ ထမ်းဆောင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၀ ရက်က မိုးပွင့်အဆင့် (၃)စီမံချက်အရ ရွှံ့ပြည်နယ် (မြောက်ပိုင်း) လှုပ်ရှားကြီးကြပ်ရေးနှင့် အဖြူသားမှတ်ပုံတင်ရေးဦးစီးဌာန ကွဲဖော်ပြည်နယ်ဦးစီးဌာနမှူး ဦးဖြင့်ကိုကိုက မိုးမိတ်ဖြို့နယ် ဒေသခံလိုသူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးနီးတားထံသို့ နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၁၃၃ဦး၏ စီစစ်ရေးတတ်ဖြာများ ပေးအပ်စဉ်။ (မြို့နယ်လ၀က)

▲ *ဓာတ်ပုံဆက်သစ်ယူငယ်မှ*

စီမံကိန်းများဒေသမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားထားရမည့်ပညာရည်ထူးချွန် ကျောင်းသား ကျောင်းသူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာနှင့် ငါးဘာသာ ဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက လေးဘာသာ ဂုဏ်ထူး ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြပြီး ဆက်လက်၍ ခေတ္တညွှန်ကြား ရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်က နှစ်ဘာသာနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ နိုးနိုးအောင် ကျောင်းသားကျောင်းသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျန်းသူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြခြင်းဖြစ်သည်။

ယင်းနောက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာစောစန္ဒာအေးက ပြည်ထောင်စုဝန်ကြီးနှံရှိ ဝန်ထမ်းသား သမီးများအား ၂၀၁၂-၂၀၁၃ ပညာသင် နှစ်အတွက် ဒုတိယအကြိမ် ပညာသင်ထောက်ပံ့ကြေးကို ကျောင်းသားဦးများကိုယ်စား ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အနေဖြင့် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ငါးဦး၊ သုံးဘာသာဂုဏ်ထူး ရရှိသူခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၂ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၃၂ ဦးအား ဂုဏ်ထူး တစ်ဘာသာလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် လည်းကောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူ ၈၀ အတွက် တစ်ဦးလျှင် ငွေကျပ် လေးသောင်းနှုန်းဖြင့် လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ကျန်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၀၈ ဦးအား ဆက်လက်ပညာသင်ကြားနိုင်ရန် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်း ငါးထောင်နှုန်း ဖြင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှံတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ ကျောင်းသားသမီးများအတွက် ဒုတိယအကြိမ်အဖြစ် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှတ်-၁၀၃ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်နေ ခေါ်ခင်ညို မိသားစုက ဧရိဝတာနေ့သဝဏ်ကြီး(ရန်ကုန်)ရှိ သာသနာ့ဥယျာဉ် သီလရှင်ဆေးရုံ တိုးချဲ့ပြင်ဆင်ရန် အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံချဲ့ချဲ့ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဓောင်မောင် လက်ခံစဉ်။ (မြန်မာ့အလင်း)

● *ဥပုဒ်တသန္တိစကတိမှ*

ထို့နောက် စေတီတော်ဂေါပက အဖွဲ့၏ နာယကအဖွဲ့ဝင် သမ္ဘတမုခ်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဦးတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ယင်းနောက် စေတီတော်နာယက အဖွဲ့၊ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဝန်းမော် ကျောင်းတိုက်ဆရာတော်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော် ဆောင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရား ကျောင်းတိုက် သာသနာနဂူဟတိုက်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိ ကဇေ ဘဒ္ဒန္တခေမိန္ဒသာမိတို့က ဩဝါဒ ကထာများ မိန့်ကြားတော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်များက ဆရာတော် သံဃာတော်များထံ လျှဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာနဂူဟတိုက် ကျောင်းဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိ ထံမှ ရေစက်ချ အနုမောဒနာတရားကို နာယူပြီး ပြည်ထောင်စုဝန်ကြီး အမှုဆောင် သော ပရိသတ်များက လျှဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်သည် နံနက်ပိုင်းတွင် ရွှေမိသားစု ဖောင်ဒေးရှင်းက နေပြည်တော် ပျဉ်းမနားမြို့ ဝိဂုလ်တောက်ထိန်လမ်း၌ ဆောက်လုပ်လျက်ပါးမည့် ခုတင် ၁၀၀ဆံ့ သံဃာသေခွင်ဝိဟာရ (သံဃာ့ဆေးရုံ) အန္တရာသိက မြေသန့်နှင့်ရတနာ ပန္နက် တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဦးကံ့ခွန်နှင့် ဒေါက်တာပိုင်စိုး၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး၊ နေပြည်တော်ဧည်ပင်သာယာရေး ကော်မတီဝင်ဦးဖျံးအောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပျဉ်းမနားမြို့နယ်မှ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရွေးဦးစွာ မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီးက အမှတ်(၁) ဥက္ကဋ္ဌ ပန္နက်တော်ဌာနနှင့် နေပြည်တော်ကောင်စီ ဝင်များဖြစ်ကြသော ဒေါက်တာပိုင်စိုး၊ ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့် ဦးကံ့ခွန်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလမြင့်ဦး၊ မြို့မိမြို့ဖ ဦးစိုးတင့်၊ မြို့မိမြို့ဖ ဦးမြင့်အောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာ မင်းကျော်နှင့် မြို့မိ မြို့ဖ ဦးလှမြင့်တို့က သတ်မှတ်နေရာများ၌ ပန္နက်တော်များကို တင်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်က နဂါးစာကျွေးမည့်ဌာန နေရာတွင် နဂါးစာကျွေးခြင်းကို ဆောင်ရွက် သည်။

အဆိုပါ သံဃာ့ဆေးရုံသည် နေပြည်တော် ပျဉ်းမနားမြို့ ဗိုလ်တောက် ထိန်လမ်းရှိ မြေအကျယ်အဝန်း ဝ ဒသမ ၅ ဧကတွင် အလျားပေ ၈၀၊ အနံပေ ၈၀၌ ခြောက်ထပ် သံကူးနှင်ကရစ် ဆေးရုံကြီး အဖြစ် မြေညီထပ်တွင် အနေပေါ်ကုသ ခန်း၊ ဓမ်းသပ်ခန်းလေးခန်း၊ တယ်လီ ဗီးရှင်းဓာတ်မှန်ခန်း၊ ဓာတ်မှန်ပါရဂူခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ဆေးဆိုင်၊ အုပ်ချုပ်မှုနှင့် ဝွေစာရင်းခန်းများ၊ ပထမ ထပ်တွင် ကာယကုသခန်း၊ သွားကုသ ခန်း၊ မျက်စိကုသခန်း၊ နာ၊ နှာခေါင်း၊ လည်ချောင်း ကုသခန်းနှင့် ၁၅ ခုတင်ပါ လူနာခန်းများ၊ ဒုတိယထပ်တွင် ခွဲစိတ် ခန်း၊ အစာအိမ် အူလမ်းကြောင်း ကြည့် မှန်ပြောင်းခန်း၊ မှန်ပြောင်းကြည့်လူနာ စောင့်ခန်း၊ ခွဲစိတ်လူနာစောင့်ခန်းနှင့် Sterile နေရာများ၊ တတိယထပ်တွင် သီလရှင်များအတွက် ခုတင် ၃၀ ပါ လူနာ ဆောင်တစ်ခု၊ ဧည့်သည်အထူးကြည့်မတ် ကုသခန်းများ၊ စတုတ္ထထပ်တွင် ၂၄ ခုတင် ပါ လူနာဆောင် တစ်ခုနှင့် အထူးခန်း လေးခန်းနှင့် ပဉ္စမထပ်တွင် အထူးခန်း ငါးခန်း ဆရာတော်ကြီး အထူးကြပ်မတ် ကုသခန်းလေးခန်းနှင့် ၁၀ ခုတင်ပါ လူနာ ခန်းတို့ ပါဝင်ဖွဲ့စည်း တည်ဆောက်သွား မည်ဖြစ်သည်။

ယခုတည်ဆောက်မည့် သံဃာ့ ဆေးရုံသည် ငွေကျပ် သန်း ၁၅၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ဖက်ဆွတ်မှို ရှေးကောင်း၊ ကောက်ဝိုးမှို ရှေးကျ

သတင်းနှင့်ဓာတ်ပုံ- အဝယ်တော် မိုးထော်

ရန်ကုန် ၂၉ လိုင် ၂၀၁၂

"တစ်နှစ်တစ်ခါပေါ်လို့လာ. . . ငါသာမင်းလောင်း ထီးဖြူဆောင်း" ဟု ငယ်ငယ်က ဆိုခဲ့ ဖူးခဲ့သည့် စကားထာလေးကို ယနေ့ သီရိမင်္ဂလာစျေးကြီးအတွင်း မှိများ ရောင်းချ နေသော ဆိုင်ရှေ့ရောက်မှ **(အောက်ပုံ)**အမှတ်ထင် သတိရမိလိုက်သည်။

ကောက်ဝိုးမှိုမှ ငွေနှင်းမှို၊ ဖက်ဆွတ်မှို၊ တောင်ပို့မှို၊ ကြွက်နားရွက်မှိုများအပြင် ယိုးဒယားမှ ဝင်သော ဟီတာခိုမှိုသည်လည်း ရေားကွက်အတွင်း၌ ရောက်ရှိနေသည်။ ဖက်ဆွတ် သဘာဝမှိသည် ဝါဆိုလအတွင်း နှစ်ပတ်မျှသာ ပေါက်သောမှိမျိုး ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးအနားဖြစ်သော တွံတေးမြို့နယ်အတွင်း တောကြီးတန်းနှင့် အချို့သော ကျေးရွာများတွင် အများဆုံး ပွင့်လေ့ ပေါက်လေ့ရှိသည်ဟု သိရသည်။

ဈေးကွက်အားဖြင့် သီရိမင်္ဂလာဈေး၊ လည်းတန်းဈေး၊ ညောင်ပင်လေးဈေး၊ ဘိုကလေးဈေး၊ လမ်းမတော်ဈေး၊ မြေနီကုန်းဈေးနှင့် ၃၈ လမ်းဈေးစသည့် သူငွေး ဈေးဟုခေါ်သည့် ဈေးများတွင် အများဆုံး ရောင်းချတတ်ကြသည်ကို တွေ့ရသည်။

ခပ်ရှားရှား

ပြီးခဲ့သည့်ရက်အတွင်း တွံတေးမြို့သို့ ရောက်စဉ် မိတ်ဆွေတစ်ဦးက "ဒီနှစ် ဖက်ဆွတ်မှိုအထွက်နည်းတယ်၊ ခုးတဲ့၊ ရှာတဲ့သူတွေ သိပ်မကြဘူး၊ ပုံမှန်မှိုရှာတဲ့သူ တစ်ယောက်အနေနဲ့ ဒီအချိန်မှာ တစ်နေ့ကို ၅၀ ကျပ်သားကနေ တစ်ပိသာအထိ ရတတ်ကြတယ်၊ အခုတော့ တစ်ပိသာပြည့်အောင်ရတဲ့သူ ခပ်ရှားရှားဖြစ်လာပြီ"ဟု ပြောပါသည်။

ဖက်ဆွတ်မှိုမှာ အခြားသောမှိများနှင့် အရသာထူးကဲသည်ဟု ဆိုကြသည်။ စားရသည်မှာ အခြားသော မှိများထက် ပို၍ နူးညံ့ကြောင်း မှိကြိုက်သူတစ်ဦးက ပြောကြားသည်။ သို့သော် ဖက်ဆွတ်မှိုမှာ ယခုပေါ်ဦးပေါ်ဖျားဖြစ်၍ ဈေးကောင်း လှသည်။ တစ်ပိသာလျှင် ငွေကျပ် ၈၀၀၀ နှင့်အထက် ပစ္စည်းအဝင် အနည်းအများ ပေါ်မူတည်၍ ဈေးခေါ်ရောင်းကြသည်။

စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် တစ်နှစ်ပတ်လုံး ထွက်ရှိနေသော ကောက်ရိုးမှိုမှာ စိုစွတ်သော မိုးနှင့်ဆောင်းကာလ၌ ဈေးကျနေတတ်ပြီး ခြောက်သွေ့သော တပေါင်း၊ တန်ဆူးလများ၌ ဈေးကောင်းရကြောင်း သီရိမင်္ဂလာစျေးအတွင်းမှ မင်းလွင်ဦး ဦးဝိုင်မှ ရောင်းသူတစ်ဦးက ပြောပါသည်။

ယနေ့ သီရိမင်္ဂလာစျေးကြီးအတွင်း၌ ကောက်ရိုးမှို တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိ ဈေးရှိနေပြီး တပေါင်း၊ တန်ဆူးလတို့၌ တစ်ပိသာလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အကြား ဈေးရှိတတ်ကြောင်းဖြင့် မှိဟင်းကြိုက်တတ်သူတို့ အတွက် မှိစျေးကွက်သတင်းကို ရေးသားလိုက်ရပါသည်။ ။

ကျွန်တော် သတင်းထောက် — မနန္ဒာဝင်း - ရေးသားသည်

တိုက်ခန်းတစ်ခု၏ အပေါ်ဆုံးထပ်ဝရန်တာတွင် အမျိုးသမီးတစ်ဦးရပ်နေ၏။ သူ၏ ပုံစံမှာ ဂနာမငြိမ်။ ဟုတ်ပါသည်။ သူခန့်ချတော့မည်။

ထိုအခြင်းအရာကို မျက်နှာချင်းဆိုင်အခန်းမှ ဂျာနယ်သတင်းထောက်တစ်ဦးက မြင်နေ၏။ သူအတွက် သတင်းကောင်းတစ်ပုဒ်ရတော့မည်ဖြစ်၍ မလွတ်တမ်းစောင့် ကြည့်နေသည်။

သို့သော် ထိုအမျိုးသမီးမှာ အချိန်အတော်ကြာသည်အထိ မခုန်ချသောကြောင့် သတင်းထောက်က စိတ်မရှည်သောလေသံဖြင့် "ဟော့-ဒီမှာ ခုန်ချမှာဖြင့်လည်း မြန်မြန် ခုန်ချလိုက်တော့လေဗျာ။ ကျွန်တော်တို့က ဒီခန့်အောင်ပိတ်မှာဗျ။ မဟုတ်ရင် ခင်ဗျားရဲ့ သတင်း ဒီတစ်ပတ်ကုန်ယပ်ထဲပါမသွားဘဲနေဦးမယ်"ဟုလှန်းဆော်ဩဇာလိုက်လေသည်။

တပ်ကုန်းမြို့နယ် ရောက်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၁) တွင် နေပြည်တော်ကောင်စီမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ပေး ထားသော လယ်ထွန်စက်ဖြင့် ဇူလိုင် ၂၉ ရက်က ရွှေမြို့ လယ်ယာကုန်ထုတ်အသင်းမှ သရုပ်ပြထွန်ယာကွဲပွဲကျင်းပစဉ်။ (၀၂၈)

ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း အမှုဆောင်ရွေးချယ်

ပဲခူး ၃၀လိုင် ၂၉

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်း အမှုဆောင်ကော်မတီရွေးချယ်ပွဲ အခမ်းအနားကို ၃လိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့ မင်းလမ်း ဂရင်းဆိုရှယ် ခန်းမ၌ ကျင်းပရာအမှုဆောင်ကော်မတီ ဝင် ၂၁ဦးကို ဆန္ဒပြထောက်ခံစနစ်ဖြင့် ရွေးချယ်ခဲ့ကြပြီး ဥက္ကဋ္ဌ ဦးစိန်လှိုင် (စိန်လှိုင်ဝိုလ်)ဝဲခဲ့ခန့်ခိုင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးအောင်မြင့် (အောင်ဓာတုဗေဒ) ပြည်ခန့်ခိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်ဆွေ (မောင်ဆွေ-တောင်ငူ)၊ အထွေးရေးမှူး ဦးသိန်းဝင်း (ထက်မြက်ထိုက်) တောင်ငူခန့်ခိုင်၊ တွဲဖက်အထွေးရေးမှူး ဦးကျော်မြင့် (ဖိုးကျော်မြင့်- လယ်ဝေး) ပဲခူးခန့်ခိုင်၊ ဘဏ္ဍာရေးမှူး ဦးသိန်းဝင်း ပြည်ခန့်ခိုင်၊ ပြန်ကြားရေးမှူး ဦးမျိုးကြီး (မျိုးကြီး-ကျွန်းသာယာ) ပဲခူးခန့်ခိုင်၊ စာရင်းစစ်ဦးခင်မောင်ရွှေ (နေဇေးရင့်-ခေတ္တရာ)၊ တွဲဖက်စာရင်းစစ် ကျော်ဆွေဝင်း (ရွှေအင်း) တောင်ငူခန့်ခိုင် အပါအဝင် အမှုဆောင်ကော်မတီဝင်များကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ (၁၂၁)

ရှမ်းပြည်နယ် ဆည်မြောင်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ၃လိုင် ၂၉

ရှမ်းပြည်နယ် ဆည်မြောင်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃လိုင် ၂၄ ရက် ၈ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်ဆည်မြောင်းဦးစီးဌာနခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုးအောင်မြတ်က အဖွင့်အမှာစကားပြောကြားသည်ဟု ထို့နောက် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အထွေးရေးမှူးတို့က အမှာစကားပြောကြားကြပြီး ဆည်မြောင်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်း၌)

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပ

ရန်ကုန် ၃လိုင် ၂၉

၂၀၁၂-၂၀၁၃ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသားများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ဦးဖြိုင်သော ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ၎လိုင် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ (စည်ပင်အထွေး) အဖွဲ့ဝင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်ရုံးရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီး ၆၇ ဦးကို ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အေပါ၃)** (၁၂၄)

အဂွန်အကြောင်း သိကောင်းစရာများ ကော့သောင်း၌ဟောပြော

ကော့သောင်း ၃လိုင် ၂၉

ကော့သောင်းမြို့နယ်၌ အဂွန် အကြောင်းသိကောင်းစရာများ ပညာပေး ဟောပြောပွဲကို ၎လိုင် ၁၄ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့ အထက(၁) မြရတနာခန်းမ၌ ကျင်းပရာ အခမ်းအနား တွင် ပြည်တွင်းအဂွန်များ ဦးစီးဌာန မြို့နယ်အဂွန်ဦးစီးဌာနမှူး ဦးခိုင်လွှဲ ကျင့်ထန်နှင့် တွဲဖက်မြို့နယ်အဂွန်ဦးစီး ဌာနမှူး ဦးဝင်းမင်းဦးတို့က အဂွန် အကြောင်း သိကောင်းစရာများ ပညာပေးဟောပြောခဲ့ကြပြီး အဆိုပါ အခမ်းအနားသို့ အခြေခံပညာအလယ် တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ကလည်း ဆေးဖက်ဝင်ပြောင်းဖူးအကြောင်းကို ဤသို့ တွေ့ဆုံမေးမြန်းခန်း ရိုက်ကူးခဲ့ကြသည်။

❍ ဆေးဖက်ဝင် ပြောင်းဖူးမှ

ဒွေကျပ် ၂၇၀၀၀ အထိ ရောင်းချနေကြတယ်။ ဒါပေမယ့် ကျွန်တော်တို့ ကုမ္ပဏီကို တိုက်ရိုက်မှာယူမယ်ဆိုရင် စျေးနှုန်းပိုမိုသက်သာပါတယ်"ဟု ဆိုသည်။

"ဦးလေး ဒီဆေးဖက်ဝင်ပြောင်းဖူးတွေက ဘယ်လိုသဘောသဘာဝရှိသလဲ"ဟု မေးရာ "ဒီဆေးဖက်ဝင်ပြောင်းဖူးတွေက သဘာဝအနီရောင်နဲ့ ခရမ်းရောင်ပေါင်းစပ်ထားတဲ့အတွက် နီညိုရောင်ဖြစ်တယ်။ ဒေသခံတွေက ပတ္တမြားပြောင်း၊ ငနီပိပြောင်းလို့လည်း ခေါ်ကြတယ်။ စျေးကွက်ဝင် စီးပွားဖြစ်နေကြလို့လည်း ဒီဆေးဖက်ဝင်ပြောင်းဖူးကို ပိုမိုစိုက်ပျိုးလာကြတယ်။ ပြောင်းဖူးရဲ့အတိုင် ပြောင်းဖူးအဆံ အားလုံးက နီညိုရောင်ဖြစ်ပြီး ပင်စည်၊ အရွက်၊ အခွံမှာအစိမ်းရောင်နဲ့ နီညိုရောင်စပ်ကြားဖြစ်တယ်" ဟု ဖြေကြားသည်။

"ဦးလေး ဆေးဖက်ဝင်တယ်ဆိုတဲ့ကိစ္စကရော ဘယ်လိုလဲဗျ" ဟု မေးရာ "လက်တင်အမေရိကနိုင်ငံတွေ ဘက်မှာ ဒီပြောင်းဖူးကို Peruvian Purple Corn လို့ ခေါ်တယ်။ ဒီပြောင်းဖူးမှာပါတဲ့ အနီရောင် Anthocyanin မှာ အလွန်အစွမ်းထက်တဲ့ Antioxidant က Biological antivities ဆိုတဲ့ ဝီဝဗေဒသဘ္ဍာပါတဲ့ အတွက် လူတွေရဲ့ ကျန်းမာရေးကို များစွာ အထောက် အကူပြုတယ်လို့ အမေရိကန်နိုင်ငံ Agricultural Utilization Reserch Institute နဲ့ ဂျပန်နိုင်ငံက H San Ei Gen F.F.I Inc တို့ရဲ့ တွေ့ရှိချက်စာတမ်းတွေမှာ ရေးသားဖော်ပြထားကြတယ်။ ဒီစာတမ်းတွေအရ အိုမင်းရင့်ရော်မှုကို ဟန့်တားပြီး အရွယ်တင်နှုန်းတိုးစေတယ်၊ ကင်ဆာရောဂါဆဲလ်များ ပြန်လွှတ်ခြင်းကို လျော့နည်းစေတယ်၊ အဖုအကိုတ်များ သက်သာပျောက်ကင်းစေတယ်၊ သွေးတိုး ရောဂါကို သက်သာပျောက်ကင်းစေတယ်၊ ကိုလက်စထရောမာခြင်းကို လျော့နည်းစေတယ်၊ ရောဂါကြောင့်ဝ နေခြင်းကို သက်သာပျောက်ကင်းစေတယ်"ဟု ဖွင့်၍ ပြောကြားသည်။ ထို့နောက် ၎င်းကပဝင် "အနောက်ဥရောပနိုင်ငံတွေနဲ့ ဂျပန်၊ ထိုင်း၊ ကိုရီးယား။ သြစတြေးလျစတဲ့ နိုင်ငံတွေမှာ စျေးကြီးပေးပြီး ဝယ်ယူစားသုံးနေကြရတယ်။ အချို့က ပြောင်းဖူးပြုတ်တဲ့အရည်ကို ဒီအတိုင်းသောက်သုံးကြ၊ စားသုံးကြတယ်၊ အချို့က ပြောင်းနို့အဖြစ် ထုတ်ယူ မြှုပြင်စားသုံးကြတယ်။"

အဆိုပါ ပြောင်းဖူးများ မည်သို့ စိုက်ပျိုးကြသည်ကို သိရှိလိုသို့ လက်တွေ့ စိုက်ပျိုးအောင်မြင်နေသည့် ဦးဖိုးပြိုးအား မေးမြန်းမိပြန်သည်။ "ဒီဆေးဖက်ဝင် ပြောင်းဖူးက အခြားပြောင်းဖူးတွေ စိုက် သလိုပဲ စိုက်ပျိုးစနစ် တူညီပြီး လွယ်ကူစွာ စနစ်တကျစိုက်ပျိုးနိုင်တယ်။ စစ်ကိုင်တဲ့ ရက်ကနေ ၄၅ ရက်မှာ အဖူးစဖူးပြီး ၇၅ ရက်မှာ စျေးကွက်ဝင်ပြောင်းဖူးတွေရပြီဗျ။ စိုက်ပျိုးစရိတ်ကတော့ မြေယာထွန်ယက်ခ၊ ပေါင်းရှင်းခ၊ အစခပ်သိမ်းပေါ့ဗျာ။ တစ်ကေကို ဒွေကျပ်သုံးသိန်းခန့် ကုန်ကျတယ်။ ဒါပေမယ့် ပြန်ရောင်းတော့ တစ်ကေကို ၁၀ သိန်းကျော်လောက်ရလို့ တွက်ခြေကိုက်တယ်ဗျ။ နောက်ပြီး ဒီအရောင်က ဆေးဆိုးထားတာ မဟုတ်ဘူး၊ သွေသဘာဝ၊ သွေပင်ကိုအရောင်ဆို တော့ အဖြင်တစ်ဖျဲးလေးနဲ့ ကြည့်လို့ ရာသီဥတုဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်ရည် ရှိပြီး စိုက်ပျိုးရလွယ်ကူတယ်ဗျာ" ဟု ဖြေသည်။

ယနေ့ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် လောက စာနယ်ဇင်းလောကတွင် သဘာဝဆေးဖက်ဝင် အစားအစာ၊ အာဟာရများအကြောင်း ကမ္ဘာ့ပြည်သူများ အကျိုးရှိရှိ အသုံးချနိုင်အောင် ကျယ်ပြန့်စွာ ဖော်ထုတ်နေသား တင်ပြလျက်ရှိရာ စာနေသူအနေဖြင့်လည်း စီးပွားဖြစ် စိုက်ပျိုးသင့်သည့်ဆေးဖက်ဝင် သဘာဝပြောင်းဖူးအကြောင်းကို စိုက်ပျိုးသူများအတွက်လည်း စီးပွားဖြစ်၊ စားသုံးသူများအတွက်လည်းကျန်းမာရေး အတွက် အထောက်အကူပြုစေခြင်းငှာ နေသားတင်ပြလိုက်ရပါကြောင်း။ ။

ဆေးဖက်ဝင်ပြောင်းဖူးများကို တွေ့ရစဉ်။

ဆွတ်ခူးပြီး ပြောင်းဖူးများကို ရောင်းချရန် အကြိုအဆော ရွေးချယ် ကြစဉ်။

ရေနံပြည်တော်ဝန်းကျင်သတင်းတိုထွာ

၃၀-၇-၂၀၁၂

ရွှေဟောင်းစေတီများ ပြန်လည်ပြုပြင်ပဗျဲ

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပျဉ်းမနား-တောင်ညီ ကားလမ်းဟား မြန်ကဖြူ ရွာ၏ ရွှေဘုံဘက် သော်ပင်ကြီးစု ကျောက္ကရွာရှိ ရွှေဟောင်းစေတီများအား မြန်လည် ပြုပြင်ပဗျဲဖြစ်ကြောင်း နေပြည်တော်ကောင်စီ အထူးစီမံကိန်းအဖွဲ့ရုံးမှ သိရသည်။

ရွှေဟောင်းစေတီများသည် ဘိုးတော်ဘုရား (ဇေါ်) ပဒုံမင်းလက်ထက် အေဒီ (၁၇၈၁-၁၈၁၉) ကာလတွင် တည်ထားကိုးကွယ်ခဲ့သော ရွှေဟောင်းစေတီများဖြစ် ကြောင်း တူးဖော်တွေ့ရှိရသော ဌာပနာပဝတ္ထုပ်များနှင့် ကြေးပြားစာတံ ကမ္ဘည်းစာများ အရသိရသည်။ ပြန်လည်ပြုပြင်ပဗျဲ့ရွှေဟောင်းစေတီတော်များမှာ အဆိုပါ ကျောက္ကရာ သိမ်ကျောင်း ဘုန်းတော်ကြီးကျောင်း ပတ်ဝန်းကျင်ရှိ စေတီစုစုပေါင်း ၃၄ဆူဖြစ်ပြီး ယိုယွင်းပျက်စီးလျက်ရှိသော ပဟာသိမ်တော် ၁၄ ဆူ ကျောင်းဆောင် ၇ခန့်ရှိပြီး ကျန်ရစ်ခဲ့သည့် စုစုပေါင်း ၄၈ဆူတို့ကို ရေတွင်းတို့ကိုလည်း ပြန်လည်ပြုပြင်ပဗျဲဖြစ်ကြောင်း သိရသည်။ သော်ပင်ကြီးစု ကျောက္ကရာသည် ရုစ်ခံစု၊ မြန်ကဖြူး၊ ဒီးလောင်ကုန်းရွာများနှင့် နီးကပ်စွာတည်ရှိပြီး လူနေအိမ်ခြေပေါင်း (၇၉၀)ရှိသည်။ အဆိုပါ ရွှေဟောင်းစေတီများ ပြန်လည်ပြုပြင် ထိန်းသိမ်းရန်အတွက် ဆက်သွယ်လျှောက်ဆိုသူ ကုသိုလ်ရှင်များသည် နေပြည်တော် ကောင်စီ ဖုန်း-၀၆၇-၅၅၀၁၅၅၊ ၅၅၀၁၅၆၊ ၄၁၄၀၂၅။ ၄၁၄၂၀၄၊ ၄၁၄၂၀၅၊ ၄၁၄၂၀၅၀၇ တို့တွင် ဆက်သွယ်လျှောက်ဆိုနိုင်ကြောင်း သိရှိရသည်။

မြတ်နန္ဒာညွှန့်

ဈေးကွက်ဝင် မြန်မာ့မျှစ်ချဉ်

နေပြည်တော်သို့ပြောင်လိုက်တာနဲ့ ဒေသထွက်ကုန်ဖြစ်တဲ့ မျှစ်ချဉ်ကို ဟွေ့ပြင်ကြမှာပါ။ လက်ဆောင်ပေးနေကြအတွက် မပါမဖြစ် ဝယ်ယူနေကြတာကိုလည်း တွေ့နေရပါတယ်။

စာနေသူကိုယ်တိုင်လည်း အစ်မဖြစ်သူက နေပြည်တော်အပြန် လက်ဆောင် မျှစ်ချဉ်ဝယ်ရန်မှာလိုက်လို့ ဒွေပြည်တော် မြို့မရောရှိ မျှစ်ချဉ်လက်လီလက်ကား ရောင်းချနေသော ဆိုင်တစ်ဆိုင်သို့ သွားရောက်ဝယ်ယူခဲ့ပါတယ်။ မျှစ်ချဉ်ထားသုံ ထုပ်ပိုးမှုတွေက သပ်သပ်ရပ်ရပ်နဲ့ စနစ်တကျ ရှိလှတာကြောင့် မေးမြန်းကြည့်ရာ ဆိုင်ရှင်က သန့်ရှင်းစွာ ပြုလုပ်ထားပြီး လှူဖျိမရွေ့၊ ဘာသာရေးမွေ့ စားသုံးနိုင် ကြောင်း ပြောပြပြီး မျှစ်ချဉ်ပြုလုပ်ပုံ အဆင့်ဆင့်ကိုလည်း အခုလို ရှင်းပြပါတယ်။

"မျှစ်ချဉ်ဖြစ်ဖို့ ချဲးလာတဲ့ မျှစ်အနှစ်ထွေရဲ့ သေးမှာရှိတဲ့ အကြောအစိမ်းတွေကို ခွာရပါတယ်။ မျှစ်ထွေကို ကြေကြီးထဲမှာ အကျယ်ခုနစ်ပေ၊ အနှံ့ဝါပေနှိုက် ရေစိမ့် ထွက်နိုင်တဲ့ အုတ်ကန့်တွေမှာ ထည့်ရပါတယ်။ ချေအနေအထားကလည်း ရေစိမ့်ဝင် မှများတဲ့ သဲဆန်သောခြေထွေက အကောင်းဆုံးပါပဲ။ မျှစ်ကထွက်တဲ့ အရည်ထွေက ဘေးကိုထွက်ပြီး အရည်စစ်မှုမျှစ်ကလုတာပါ။ လေဝင်ရင် မျှစ်အရောင်မည်း သွားတတ်ပါတယ်။ လေလုံစေဖို့ ပလတ်စတစ်ဒဲ့။ နောက်တစ်ထပ်မှာ ပျဉ်ပြား ခင်းပြီး အပေါ်က ကျောက်ခဲတွေနဲ့ဖိထားရင် သဘာဝအတိုင်း သူ့အလိုအလျောက် ချဉ်လာပါတယ်" ဟု ဆိုသည်။

မိုးရာသီဖြစ်တဲ့ ၎လိုင် ဩဂုတ်၊ စက်တင်ဘာလတွေမှာ မျှစ်အသစ်ပေါ်တဲ့ ရာသီဖြစ်လို့ တစ်နှစ်ပတ်လုံးစာ ကုန်ကြမ်းစုတဲ့အချိန်လည်း ဖြစ်ပါတယ်။ မျှစ်ချဉ်လုပ် ဖို့ဆိုရင် ဝါးပိုးမျစ်က အကောင်းဆုံးပါပဲ။ အဲဒါကြောင့် ဝါးပိုးမျစ်ကိုပဲ သုံးကြတယ် လို့ ဆက်လက်ပြောပြပါတယ်။

မျှစ်ချဉ်ကို အများစုက ကြိုက်ကြပြီး သွေးတိုးရှိသူတွေလောက်သာ ရှောင်ကြ တာပါ။ ပြုလုပ်သူတွေက စီးပွားရေးလုပ်နှံတစ်ခုအနေနဲ့လုပ်ကြလေမလဲ ရဟန်း၊ သံယာစားသုံးသူပြည်သူတွေအတွက် စေတနာထားပြီး သန့်ရှင်းအောင်ပြုလုပ်လျက် ရှိကြပါတယ်။ မျှစ်ချဉ်ကို ပြုကြီးထဲမှ ပြန်လည်ဖော်ယူတဲ့အခါမှာလည်း မျှစ်များကို ပထမဦးဆုံး ရေဆေးခြင်းတောင်းတွေထဲမှာထည့်၊ အလေ်ကခဲနှင့် ဖိထားခြင်းဖြင့် ရေစစ်အောင်ပြုလုပ်ရပါတယ်။ အရောင်လှပမှအတွက်လည်း ချွတ်ဆေးများကို မသုံးဘဲ သဘာဝအတိုင်းကောင်းမွန်အောင်ပြုလုပ်ထားတယ်လို့ သိရပါတယ်။

အခုလို ပြုလုပ်ပြီး ရရှိလာတဲ့ မျှစ်ချဉ်များကို ဒေသအတွင်းမှာသာမက ရန်ကုန်-မန္တလေးစတဲ့မြို့များမှာရှိတဲ့ စီးပွါးရေး အရောင်းဆိုင်တိုင်းမှာပါ ရောင်းချ နေပါတယ်။ အခုဆိုရင် စင်ကာပူနိုင်ငံအထိ တင်ပို့ရောင်းချနေပြီလို့လည်း ပြောပြ ခဲ့ပါတယ်။ တစ်ရက်ကို ပိသာခွဲနှိုက် ၂၀၀ မှ ၃၀၀ အကြားအထိ ဖြန့်နေရပြီး ဦးရာသီ မျှစ်အနှစ်ပေါ်တဲ့အချိန်ဆိုရင် အရောင်းနည်းနည်းထိုင်းတယ်လို့ ဆိုပါတယ်။

စျေးနှုန်းများကို မေးမြန်းရာမှာတော့ ငါးဆယ်သားတစ်ဘူးလျှင် ဒွေကျပ်၉၀၀ သုံးဆယ်သားတစ်ထုပ်ကို ဒွေကျပ် ၅၀၀နှုန်းနဲ့ ရောင်းချနေတယ်လို့ ပြောပြပါ တယ်။ စာနေသူလည်း စိတ်ကြိုက်ဝယ်ချလိုက်ပြီး နိုင်ငံခြားစျေးကွက်သို့တိုင် ထိုးဖောက်ရောက်ရှိနေသော မြန်မာ့မျှစ်ချဉ်အထွက် ဂုဏ်ယူကြောင်းပြောရင်း ကားချိန်နီးသဖြင့် နှုတ်ဆက်ပြီး ပြန်ခဲ့ပါတော့တယ်။

နန္ဒဘဝင်း

ပျဉ်းမနားထွက် အရှင်သင့်သုံးကြက်သွန်ကြော် ရေပန်းစား

နေပြည်တော်မြို့ ဈေးရှေ့၌ နေပြည်တော်အနီးတစ်ဝိုက်ရှိဈေးများ၌ ပျဉ်းမနား မြို့မထွက်ရှိသော အရှင်သင့်ပုံး ကြက်သွန်အစိုနှင့်အချဉ်ကြော်များ အရောင်းရ သွက်လျက် ရှိသည်။

"ဒီကြက်သွန်ကြော်တွေက ဟင်းအနှစ်အဖြစ် တန်းချက်နိုင်လို့ သုံးဖြစ်တာပါ။ တလရောင်းကြော်၊ ငါးပိ၊ ငါးခြောက်ကြော်တွေကလည်း အဆင်သင့်ထည့်ကြော် လို့ရတော့ အရှိန်ကုန်သက်သာတယ်လေ" ဟု သုံးဖွဲ့သူ အိမ်ရှင်မတစ်ဦးက ဆို သည်။

နေပြည်တော် မြို့မဈေးရှိ လက်လီဆိုင်တစ်ခုကလည်း "ဒီတစ်နှစ်၊ နှစ်နှစ် အတွင်းမှာ နေပြည်တော် အုပ်ခြံလက်ဆောင်ဆိုရင် တော်တော်များများက ကြက်သွန် ကြော်ထုပ်တွေပဲ ဝယ်သွားကြတယ်။ သယ်ရတာ ပေါ့ပေါ့ပါးပါးရှိတယ်။ နောက်ပြီး တော့ ပေးနေကျလက်ဆောင်မျိုးဟုတ်တော့ အများဆန်းလေးလည်း ဖြစ်တာပေါ့။ အများစုကတော့ ရုန်ကုန်နဲ့ပန္တလေးပြန်ကြတဲ့ဧည့်သည်တွေပဲ အဝယ်များတယ်။ ကျွန်တော့်ဆိုင်မှာ ဒီနေ့ဆိုရင် ၂၅၀တန် အထုပ် ၂၀ လောက်နဲ့ ၃၀၀တန့် အထုပ်ကြီး ၁၅ ထုပ်လောက်ရောင်းရတယ်။ ဆိုင်ကြီးတွေမှာတော့ ဒီထက်ပိုရောင်းရတာပေါ့" ဟု ပြောပြသည်။

"ကြက်သွန်ကြော်တွေ ဈေးကွက်စစ်တင်ကြည့်တာတော့ လွန်ခဲ့တဲ့ ရှစ်နှစ် လောက်ကတည်းကဗျ။ အရောင်းသွက်လာတာတော့ ဒီတစ်နှစ်၊ နှစ်နှစ်လေ့၊ အခု ကတော့ ဝိုးတွင်းဖြစ်လို့နည်းနည်းအရောင်းပါးတယ်။ တစ်ရက်ကို အထုပ်ကြီး ၁၀၀၊ အထုပ်သေး ၂၀၀ လောက်အထိရှိတယ်။ အလှူရှာသီတွေနဲ့ အခါကြီးရက်ကြီးတွေ ဆိုရင် ဒီထက်မက အရောင်းသွက်တယ်။ ကုန်ကြမ်းကတော့ မြစ်သားကြက်သွန်နဲ့ ပေါ်ရိုးဆိုရင် မြစ်သားကြက်သွန်နဲ့ ကြော်ပါတယ်။ မြစ်သားဝယ်မရတဲ့ အချိန်မှာပဲ အခြားကြော်လို့ကောင်းတဲ့ ကြက်သွန်နီဈေးသေးယပ်ပြီး ပဲဆီသန်နဲ့ ကြော်ပါတယ်" ဟု ဈေးဝိုးတိုးကြက်သွန်ကြော်လုပ်ငန်းမှ မေးမြန်းချက်များကို ဖြေကြားပေးခဲ့သည်။

မြတ်သန္တာမောင်

ဇူလိုင် ၁၄ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အနော်ရထာရဝင်းကွက် ဓနုတ်သင်ခါအခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသော ၂၀၁၁-၂၀၁၂ ခုနှစ် ပညာရည်သွန်းဆုပေးအပ်ပွဲတွင် ရွှေသင်ခါပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမိုးလင်းက နည်းပညာတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာမူလတန်းအောင် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်နှင့် ဝုတ်ပြုဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

◆ ဤဖူးမှ

အတိုင်း ခွဲခြားသတ်မှတ်ပေးထားသည်။

(က) သံတမန်ယာဉ်နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းပိုင် ယာဉ်များအတွက် အောက်ခံအဖြူရောင်ပေါ်တွင် အက္ခရာဂဏန်း အနက်ရောင်။

(ခ) ကိုယ်ပိုင် ယာဉ်များအတွက် အောက်ခံအနက်ရောင်ပေါ်တွင် အက္ခရာဂဏန်း အဖြူရောင်။

(ဂ) အင်္ဂာယာဉ်များအတွက် အောက်ခံအနီရောင်ပေါ်တွင် အက္ခရာဂဏန်း အဖြူရောင်။

(ဃ) ကက၊ ခခ၊ ..AA ယာဉ်များကို အောက်ခံ အနီရောင်ပေါ်တွင် အက္ခရာဂဏန်း အဖြူရောင်။

(င) ခရီးသွားလုပ်ငန်းယာဉ်များ အတွက် အောက်ခံ အပြာရောင်ပေါ်တွင် အက္ခရာဂဏန်း အနက်ရောင်။

(စ) သာသနာတော်ဆိုင်ရာ ယာဉ်များအတွက် အောက်ခံအဝါရောင်ပေါ်တွင် အက္ခရာဂဏန်း အနက်ရောင်ဟု သတ်မှတ်ထုတ်ပေးထားသည်။

ထို့သို့ သတ်မှတ်ထုတ်ပေးထားသော်လည်း ထုတ်ပေးထားသည့် ယာဉ်နံပါတ်ပြားများကို တပ်ဆင်ခြင်းမပြုကြဘဲ မိမိ အစီအစဉ်ဖြင့် စည်းကမ်းနှင့်မညီ တပ်ဆင်ခဲ့ခြင်းနှင့် ထုတ်ပေးထားသည့် နံပါတ်ပြားများကို တပ်ဆင်ထားသော်လည်း ဆေးရောင်များမှေးမှိန်ပျက်ယွင်းနေသောယာဉ်များအား စစ်ဆေးတွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဟင်္သာတ၌ ထူးချွန်ကျောင်းသား၊ကျောင်းသူများအား ဂုဏ်ပြု

ဟင်္သာတ ဇူလိုင် ၂၉

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်ဖြင့်မားအောင် သင်ကြားပေးသော ဆရာ ဆရာမများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီက ဟင်္သာတမြို့ ငါးဖားကျေးရွာအုပ်စု အထက(၌) ကျောင်းကုန်း စာသင်နှစ်ပခွဲကျင်းပရာ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ဌေး၊ ကျောင်းအုပ်ဆရာကြီး ဦးမင်းဝေ၊ ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးသန်းလွင်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ဌေးက သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးအားလည်းကောင်း၊ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုများအသီးသီးပေးအပ်ပြီး ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများကိုလည်း ဆုများခီးခြင်း ပေးအပ်သည်။ ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးထွန်းမင်းစိုး၊ ဒေါ်ခင်မိုးစု၊ ဦးဇော်ဇော်အောင် မိသားစုက လက်တော့ပ်တစ်ခု၊ ဦးသန်းနိုင် မိသားစုက အလှူရှင်မျိုး ငါးသိန်းနှင့် မမ္မရောင်အဖွဲ့က အလှူရှင်မျိုး တစ်သိန်းတို့ကို လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး (အငြိမ်းစား) ဦးသန်းလွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တွင်းရပ် နိဒ္ဒာန်လမ်းရှိ မြစ်မိန်းနန်းမ၌ ဇူလိုင် ၁၄ ရက်က ကျင်းပရာ ထားဝယ် သီဟမင်းကားဂိတ်မှူး ဦးသန်းမြင့်က ဓနုပြည်နယ် ဘီးလုပ်မြို့ အောင်ပြည့်ဖွဲ့ ထမင်းဆိုင်က လှူဒါန်းသည့် ဆွေကျပ် ငါးသိန်းကို ယာဉ်လိုင်းအသင်းဥက္ကဋ္ဌ ဦးစိန်မြင့်ထံပေးအပ်စဉ်။ (၁၀၇)

ဇူပေါင်းလုပ်ကိုင်မှုဖြင့် လူမှုစီးပွားဘဝတိုးမြှင့်ရေးဆောင်ရွက်နေသော မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်း

နေပြည်တော် ဇူလိုင် ၂၉

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ဖွဲ့စည်းတည်ထောင်ထားသော မြစိမ်းရောင် လယ်ယာကုန်ထုတ်နှင့်လက်လုပ်လက်စားများ ငွေစုငွေချေးအသင်းစု၏ နှစ်ပတ်လည် အစည်းအဝေးနှင့်အသင်းသားများအား စတုဏ္ဍအကြိမ် ချေးငွေထုတ်ပေးခြင်းအခမ်း အနားကို ဇူလိုင် ၂၇ ရက်က ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

စိတ်ထူကိုယ်ထူပါသနာတူသူများစုပေါင်းလုပ်ကိုင်၍ အောင်မြင်မှုရရှိနေသော မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်းစု၏ ဥက္ကဋ္ဌဖြစ်သူ ဦးဒဂုယိဦးနှင့်ငွေတွေ့ဆုံ၍ အသင်း၏ရည်ရွယ်ချက်နှင့်လုပ်ငန်းဆောင်ရွက်ပုံ များကိုသိရှိလိုရှိငြားဟု ငွေတွေ့ဆုံမေးမြန်းခဲ့ရာ "အသင်းကို ၁-၆-၂၀၁၁ ရက်က စတင်ဖွဲ့စည်းခဲ့တာပါ။ ဇမ္ဗူသီရိမြို့နယ်အတွင်း ပြည်သူများ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူနေမှုအဆင့်တိုးတက်စေရန်အတွက် အသင်းကို ဖွဲ့စည်းခဲ့ပါတယ်။ အသင်းသား အနေနဲ့အသင်းဝင်စုစုကြေးငွေကျပ် ၅၀၀၀ ထည့်ဝင်ရပါတယ်။ ပြီးတော့ မိမိစုဆောင်းငွေ ရဲ့ သုံးဆချေးယူ လုပ်ကိုင်နိုင်ပါတယ်။

"အသင်းသားတွေကို ငွေချေးပေးရာမှာ သုံးမျိုးခွဲခြားထားပါတယ်။ ပထမ တစ်မျိုးက ခေါင်းရွက်ဖျပ်ထိုး စေ့ချေးညှိ၊ အိမ်ဆိုင်၊ လက်လုပ်လက်စား။ အလုပ်သမားများဖြစ်ပြီး အသင်းသားနှစ်ဦးရဲ့ ထောက်ခံချက်နဲ့ စုဆောင်းငွေရဲ့ သုံးဆ ချေးယူနိုင်ပါတယ်။ ဒုတိယတစ်မျိုးက စပါး။ ပဲ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ များဖြစ်ပါတယ်။ အသင်းသား ရေးဦး ထောက်ခံပါက ချေးငွေထုတ်ပေးပါတယ်။ တတိယက မွေးမြူရေးလုပ်ကိုင်သူတွေပါ။ အသင်းသားနှစ်ဦး ထောက်ခံပါက ငွေချေး ပေးပါတယ်။

"အသင်းအနေနဲ့ ငွေကြေးလိုအပ်ပြီး အမှန်တကယ် လုပ်ကိုင်သူတွေကိုပဲ ချေးငွေထုတ်ပေးပါတယ်။ ကိုယ်ပိုင်လုပ်ငန်းနဲ့ ဘဝရပ်တည်ရေး ကြိုးစားဆောင်ရွက် သူတွေကို ငွေချေးပေးပါတယ်။ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူအသင်းသားတွေကို စာတ်မြေဩဇာ၊ မျိုးစပါး၊ နည်းပညာကအစ လိုအပ်သမျှ ကူညီဆောင်ရွက်ပေး ပါတယ်။ မွေးမြူရေးလုပ်ကိုင်တဲ့အသင်းသားဆိုရင်လည်း ဝက်မွေးပါက မျိုးဝက်မ ပေးတာ၊ အစာပေးတာ၊ တိရစ္ဆာန်ဆေးကုသရေးဆရာဝန်လွှတ်ကာ ကွင်းဆင်းကုသ စစ်ဆေးပြီး လိုအပ်တာဆောင်ရွက်ပေးပါတယ်။

"အသင်းဖွဲ့စည်းစက အသင်းသားတွေကို ချေးငွေအပေါ် အတိုးနှုန်း တစ်ကျပ်ခွဲ ယူပါတယ်။ ၁-၃-၂၀၁၂ ရက်ကစပြီး အတိုးနှုန်းနှစ်ကျပ်ယူပါတယ်။ ဒီအတိုးနှုန်း နှစ်ကျပ်မှာ တစ်ကျပ်ကို အသင်းရန်ပုံငွေစုဆောင်းပြီး တစ်ကျပ်ကို မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေဖြစ်လာတဲ့အခါ အသင်းသားတွေကို ကူညီဆောင်ရွက် ပေးဖို့ပါ။

"အသင်းမှာ မြို့နယ်အဆင့်အောက်မှာ ကျေးရွာ၊ ရပ်ကွက်အသင်းခွဲခွဲစခွဲ ရှိပါ တယ်။ အသင်းသားအနေနဲ့ ဦးရေ ၁၅၉၀ ရှိပါတယ်။ အသင်းသားတွေကို ချေးငွေ ထုတ်ပေးရာမှာ ပထမအကြိမ် ၁-၆-၂၀၁၁ ရက်က ငွေကျပ် ၁၄၃၃ သိန်းထုတ်ပေး ခဲ့ပြီး ဒုတိယအကြိမ် ၁-၁၀-၂၀၁၁ ရက်က ငွေကျပ် ၁၅၆၆ ဒသမ ၄ သိန်း ထုတ်ပေး ခဲ့ပါတယ်။ တတိယအကြိမ်အဖြစ် ယခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က ငွေကျပ် ၉၃၃ ဒသမ ၃ သိန်း ထုတ်ချေးခဲ့ပါတယ်။ ယခု စတုတ္ထအကြိမ်မှာ အသင်းသား ၉၄၂ ဦး အတွက် ငွေကျပ် ၂၄၂၈ ဒသမ ၉ သိန်း ထုတ်ချေးပေးပါတယ်။ အသင်းသား ၁၂၉၂ ဦး အတွက် အစုလေ်ာ အမြတ်ငွေအဖြစ် ရာခိုင်နှုန်းသတ်မှတ်ပြီး ငွေကျပ် ၁၂၆ သိန်းကျော် ထုတ်ပေးခဲ့ပါတယ်။ အသင်းက ကြိုးကြပ်သူတွေရဲ့ စီမံအုပ်ချုပ်မှု အသင်းသားတွေရဲ့ နိုးသားကြိုးစားလုပ်ကိုင်မှု၊ စည်းလုံးမှုကြောင့် မြို့နယ်အတွင်းရှိ အသင်းသားတွေရဲ့ လူမှုစီးပွားဘဝတိုးတက်ပြီး ဝင်ငွေတိုးစေပါတယ်"ဟု အသင်း၏ လုပ်ငန်းဆောင်ရွက် ပုံကို ရှင်းလင်းပြောကြားသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်း ရပ်ကွက် ၁၂ ရပ်ကွက်၊ အိမ်ထောင်စု ၂၅၇၃၄၄ စု၊ လူဦးရေ ၈၇၆၈၉ ဦးရှိပြီး ကျေးရွာအုပ်စု နှစ်အုပ်စုတွင် အိမ်ထောင်စု ၁၅၁၅ စု၊ လူဦးရေ ၄၂၄၈ ဦးရှိကြောင်း သိရသည်။

သတင်းအဖွဲ့အနေဖြင့် အသင်းသားများထဲမှ မွေးမြူရေးလုပ်ကိုင်သူ ဦးကျော်ကျော် ကို တွေ့ဆုံမေးမြန်းရာ "ကျွန်တော်က အောင်ချမ်းသာရပ်ကွက်မှာ နေပါတယ်။ အသင်းဖွဲ့စတည်းက ဝင်ရောက်ခဲ့တာပါ။ ချေးငွေအနေနဲ့ကျပ်သုံးသိန်းချေးပြီး ဘဲနဲ့ ဝက်မွေးပါတယ်။ ဘဲကို ကောင်းရေ ၁၀၀ မွေးပြီး တစ်လကျော်အကြာမှာ ပြန်ရောင်း တာ တစ်သိန်းကျော်ကျန်ပါတယ်။ အခု ဘဲ ၃၀၀ ထပ်မွေးထားပါတယ်။ ဝက်ကတော့ ငါးကောင်မွေးထားပါတယ်။ နောက်ပြီး တီလားဒီးယားငါးမွေးဖို့လည်း စိတ်ကူးရှိ ပါတယ်။ အရင်ကလုပ်ငန်းလုပ်ဖို့ဆိုရင် ငွေကြေးအခက်အခဲကြောင့် အခြားသူတွေဆီက အတိုးနဲ့ချေးယူရပါတယ်။ အခြေတရပမယ့် အတိုးငွေကြောင့် ထိုက်သင့် သလောက်မခံစားရပါဘူး။ အခု မြစိမ်းရောင်ငွေစုငွေချေးအသင်းဝင်ပြီး လုပ်ကိုင်တာ ဝင်ငွေတိုးပြီး မိသားစုဘဝ စိတ်ချမ်းသာရပါတယ်" ဟု အားရပမ်းသာ ပြောပြ သည်။

နောက်ထပ် အသင်းသားတစ်ဦးဖြစ်သည့် ကုန်စုံဆိုင်ဖွင့်ရောင်းသူ ဦးအောင်ဝင်းဝေကိုလည်း သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းရာ "ကျွန်တော်က ချွေကြေးပင်ရပ်ကွက်မှာနေပါတယ်။ ရပ်ကွက်ဈေးမှာ ကုန်စုံဆိုင်ဖွင့်ပါတယ်။ မိသားစု ခြောက်ဦးရှိပါတယ်။ ကုန်စုံဆိုင်ဖွင့်ရာမှာ အရင်းနည်းတော့ အပြင်ကငွေချေးရပါ တယ်။ သိပ်အဆင်မပြေပါဘူး။ အသင်းဝင်ပြီး ငွေချေးလုပ်ကိုင်တော့အတိုးနည်းလို့ အမြတ်ငွေတိုးလာပါတယ်။ မိသားစုလည်း အဆင်ပြေသလို ကျောင်းသား ကျောင်းသူ သားသမီးတွေအတွက်လည်း မပူပင်ရတော့ပါဘူး" ဟုပြောပြသည်။

သတင်းအဖွဲ့အနေဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သူ အသင်းသားတစ်ဦးကိုလည်း ဆက်လက်တွေ့ဆုံမေးမြန်းရာ "ကျွန်တော်က ဦးသန်းဇော်ပါ။ အောင်ချမ်းသာရပ်ကွက် မှာနေပါတယ်။ စပါးနဲ့ ပဲစိုက်ပါတယ်။ လယ် ၁၀ ကေနျပါတယ်။ အသင်းဝင်တစ်ယောက် ဖြစ်လို့ အသင်းက မျိုးစပါးတို့၊ ဓာတ်မြေဩဇာတို့၊ လယ်ယာသုံးစက်ကိရိယာတို့၊ ရေလရှိုးရေးတို့ ဆောင်ရွက်ပေးပါတယ်။ ထွက်ရှိလာတဲ့ သီးနှံတွေကိုလည်း ပေါက်ဈေး အတိုင်းရောင်းချနိုင်အောင် အသင်းက ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ အသင်း က ငွေချေးယူနိုင်တာကြောင့် စိုက်ပျိုးရေး လုပ်ကိုင်ရာမှာ ငွေအရင်းအနှီးအတွက် မပူရတော့ပါဘူး။ မိသားစုငါးဦးရှိပြီး ကျောင်းသားတွေအတွက်လည်း ပညာ ရေးအတွက် စိတ်အေးရပါတယ်" ဟု အသင်း၏ ကျေးဇူးကြောင့် မိသားစု ဘဝစိတ်ကျေနပ်ရုံကို ရှင်းပြသည်။

နိဂုံးတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာမှာ မြစိမ်းရောင် လယ်ယာကုန်ထုတ် နှင့် လက်လုပ်လက်စားများ ငွေစုငွေချေး အသင်းစုကဲ့သို့ အသင်းများ ပေါ်ပေါက်ပြီး ပြည်သူများ၏ ပညာရေး၊ ကျန်းမာ ရေး၊ စီးပွားရေး၊ လူနေမှုအဆင့်မြင့်မားရေးအတွက် စိတ်ဆန္ဒက နိုးသားကြိုးစား လုပ်ကိုင်သောအသင်းသားများဖြင့် ဖွဲ့စည်းလုပ်ကိုင်ပါက လူတစ်ဦးချင်းဝင်ငွေမှသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ပြည်သူများ ဝင်ငွေတိုးပြီး အလုပ်အကိုင် ရရှိစေနိုင်ပါကြောင်း တွေ့ဆုံမေးမြန်းခဲ့သမျှ ဖော်ပြ လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းဆောင်းပါး - ဝင်းကျော်
ဓာတ်ပုံမှတ်တမ်း - ကျော်သူဝင်း (မြန်မာ့အလင်း)

"အဆင်း အနေနဲ့ ငွေကြေး လိုအပ်ပြီး အမှန်တကယ် လုပ်ကိုင် သူတွေကိုပဲ ချေးငွေထုတ် ပေးပါတယ်။"

ဦးဒဂုယိဦး

ဥက္ကဋ္ဌ၊ မြစိမ်းရောင် လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်း။

"မြစိမ်းရောင် ငွေစုငွေချေး အသင်းဝင်ပြီး မွေးမြူရေးလုပ်ကိုင်တာ ဝင်ငွေတိုးပြီး မိသားစုဘဝ စိတ်ချမ်း သာရပါတယ်။"

ဦးကျော်ကျော်

"အသင်းဝင်ပြီး ငွေချေးလုပ်ကိုင် တော့ အမြတ်ငွေတိုးလာပါတယ်။"

ဦးဆောင်ဝင်ဝေ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လွိုင် ပဲခူးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားဆွေးနွေးစဉ်။ (သတင်းစဉ်)

လယ်သမားများဝင်ငွေနှစ်ဆတိုးရန် တူညီသောရည်မှန်းချက်၊ ခိုင်မာသောဆုံးဖြတ်ချက် ချမှတ်အာက်အဲခဲကို အချိန်တိုအတွင်း ကျော်လွှားအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ဓမ္မေဋ္ဌကော် ၈လိုင် ၂၉

ပဲခူးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရွေးကောက်ခံ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လွိုင်က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကိုဆွေးနွေးရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အချိန်တိုကာလအတွင်း ပြည်သူများ၏ လူမှုစီးပွားရေးအဆင်ပြေတိုးတက်အောင် Quick Win ရရှိနိုင်မည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသေးစိတ်လုပ်ငန်းကဏ္ဍအလိုက် လမ်းညွှန်ချက်များအပေါ် မူဝင်းအတိုင်း သယ်ဆောင်လာပြီး ကောက်နုတ်ရင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီးက စိုက်ပျိုးရာသီ နှစ်ရာသီခန့် ဖိအိစီးစီးလုပ်လိုက်သည့်နှင့် မြန်မြန်ဆန်ဆန် ဖြစ်ထွန်းအောင်ပြင်ပြီး လူများစွာဝင်ငွေတိုးတက်လာမည်နယ်ပယ်မှာ လယ်ယာကဏ္ဍပင်ဖြစ်ကြောင်း။ ဧရာကျွန်းတဝင်ကဏ္ဍတွင် လက်တွေ့ပြုပြင်ထိုက်သင့်သော အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးအလိုက် အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် Horizontal Extension ဖြင့် မြေယာတိုးချဲ့နိုင်မှု၊ ရာသီပင်နှင့် နှစ်ရှည်သီးအလိုက် စိုက်နိုင်သောမြေဖျိုးတဲ့ သတင်းအချက်အလက်ယူပြီး ဆွေးနွေးရမည်ဖြစ်ပါကြောင်း။ ယင်းသတင်းအချက်အလက်ပေါ်တွင် တောင်သူ လယ်သမားများကို သမဝါယမအဖွဲ့စနစ်ဖြင့် Micro Finance ပေးနိုင်လုပ်ရမည့်အစီအစဉ်၊ မြေပေးမည့်မြေဖြင့် ငွေချေးမည့်ချေးမည့်ပြီး စာချုပ်ပုံစံလုပ်ထုံးလုပ်နည်းများ တိတိကျကျ ရှိနေရန်၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် Contract Farming လုပ်နိုင်မည့်နေရာ၊ ရေရှိယာအခြေအနေ၊ လုပ်ငန်းစဉ်စနစ်များ၊ လုပ်ထုံးလုပ်နည်းအချက်အလက်များ တိတိကျကျထုတ်ပြန်ထားရှိ၍ရန် ဧရာကွက်ဝင်၊ အထွက်ကောင်း မိုးကောင်းမျိုးသန့် မျိုးစေ့များထုတ်လုပ်ရေး အစိုးရဌာနနှင့် ပုဂ္ဂလိကကုမ္ပဏီ ဖက်ဝင်မိုးမျိုးစေ့ထုတ်လုပ်ရေး ကုမ္ပဏီဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရှိ တစ်နိုင်ငံလုံး လုံလောက်အောင် ဖြန့်ဖြူးနိုင်မည့် အခြေအနေများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြုသင့် မပြုသင့်နှင့် လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ ချမှတ်နိုင်ရန် ဓာတ်မြေဩဇာထုန့်နိုင်မှုသည် အခြား နိုင်ငံများထက် ၁၀ ဆ၊ ၁၅ ဆ ကျော်နည်းနေသဖြင့် ဓာတ်မြေဩဇာ ပြည်တွင်း ထုတ်လုပ်မှုနှင့် ပြည်ပမှတင်သွင်းမှုကို လတ်တလောနှင့် ရေရာ၊ ရေရည် အစီအမံ မူဝါဒများ ချမှတ်နိုင်အောင် ဆောင်ရွက်ရန်၊ စိုက်ပျိုးနည်းပညာဖြန့်ဖြူးမှု သုတေသန ပြုမှုနှင့် လယ်ယာလုပ်သားများ၊ မွေးမြူပညာပေးလေ့ကျင့်မှုအစီအမံများ မည်သို့ ဆောင်ရွက်သင့်သည်ဆိုသည်ကို ဖော်ထုတ်အကြံပြုရန် လက်မှုလယ်ယာမှ စက်မှု လယ်ယာကဏ္ဍပြောင်းရေးကိုလည်း အချိန်မှီလေ့လာကိုမှု လယ်ယာလုပ်သား ရှားပါး မှုများကိုကျော်လွှားနိုင်ရန် ဓိတ်သီးခြွေလေ့စက် Combined Harvester များ သုံးခြင်းဖြင့် ဆောင်ရွက်ရာ၌-

- အင့်အားလိုက်ဝန်ဆောင်မှုရပ်ဒိန့်မြို့လိုသူများရှိက ထိုးခဲ့ဆောင်ရွက်ခြင်း၊
- သမဝါယမအစုစုအဖွဲ့ပုံစံဖြင့် အရစ်ကျငွေချေစနစ်ဖြင့် ဆောင်ရွက်ခြင်း၊
- အခြားနည်းလမ်းများရှာ၍ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှု၊ တင်သွင်းမှု၊ ရောင်းချမှုစနစ်များ လေ့လာသုံးသပ်ဆောင်ရွက်ခြင်း။

ကြိတ်ခွဲထုတ်လုပ်ခြင်းကို Milling နှင့် တန်ဖိုးမြင့်ကုန်ရာ Value Added Product ထုတ်လုပ်ခြင်းတို့တွင်လည်း အရည်အသွေးမြင့်ထုတ်ကုန်များဖြင့် ဝင်ငွေတိုးတက်အောင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သည့် မူဝါဒလုပ်ထုံးလုပ်နည်းများ ရေးဆွဲထုတ်ပြန်နိုင်ရန်၊ ထုတ်လုပ်မှုနှင့် စျေးကွက်အပြန်အလှန် ချိန်ညှိပညာပေးပြောင်းလဲလုပ်ဆောင်ရေး၊ ထုတ်လုပ်မှုနှင့်စျေးကွက်သတင်းများကို အချိန်နှင့်တစ်ပြေးညီရယူပြီး စျေးကွက်ဝင်၊ စျေးကွက်ဝယ်လိုအားရှိသော သီးနှံများကို ရာသီအခြေ ပညာပေးဖြန့်ဖြူးပြီး တောင်သူများ တွက်ချက်စိုက်ပျိုးနိုင်သည့် Mechanism တစ်ရပ် ဖော်ဆောင်ရေးအတွက် လယ်/ဆည်၊ စီးပွား/ကုသိုလ်း မိုးလေဝသနှင့်စိုက်ပျိုးထုတ်လုပ်သည့် ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့တို့ ပူးပေါင်းပါဝင်သည့် Agri Market Watch Information Network Center ထူထောင်ဆောင်ရွက်ရန် သင့် မသင့်တို့အပြင်

- လတ်တလောစျေးကွက်ဝယ်လိုအားရှိသော သီးနှံနှင့် အနာဂတ်တွင် စျေးကွက်ဝယ်လိုအားရှိလာနိုင်သောသီးနှံများ အခြေအနေ၊
- နိုင်ငံခြားစျေးကွက်စေ့ ပုံမှန်ရောအော် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ စျေးနှုန်းချင်းတူလျှင် အရည်အသွေးကောင်းမှ စျေးကွက်က လက်ခံမည်ဖြစ်၍ အရည်အသွေးမွေ့ချိန်ရှိညွှန်းသတ်မှတ်ရေး အစီအစဉ် များစသည့် အချက်အလက်များကို ဖော်ထုတ်ဆွေးနွေးကြရန် နိုင်ငံတော် သမ္မတကိုယ်တိုင် လမ်းညွှန်မှုအားကြောင့်ကို တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ နိုင်ငံတော်သမ္မတရုံးမှ ကြွေတင်ဖြန့်ဝေပေးပို့ ထားရှိခဲ့ပြီး ဖြစ်ပါကြောင်း။

စျေးကွက် ရရှိရေးအဓိပ္ပါးတွင် ပြည်တွင်း၌ လွတ်လွတ်လပ်လပ် သယ်ယူ ရောင်းချနိုင်ရေး အစားအစာဖူလုံရေး (Food Security)စိမ်ဆောင်ရွက်သွားမည် ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ကင်းသောအစားအစာ(Food Safety)အပိုင်းကိုလည်း ဥပဒေနှင့်အညီ စစ်ဆေးပေးသွားမည်ဖြစ်ပါကြောင်း။ ပြည်ပသို့ တင်ပို့ရောင်းချလိုပါကလည်း သက်ဆိုင်ရာဌာနများမှ ရောဂါရှိ/မရှိ၊ အန္တရာယ်ဖြစ်စေမည့် ဓာတ်ကြွင်း/ဓာတ်ကျန်များ ရှိ/မရှိ စစ်ဆေးပေးသွားမည်ဖြစ်ပါကြောင်း။ ယနေ့ မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းများကို နိုင်ငံတကာအဆင့်အတန်းနှင့်အညီ စစ်ဆေးနိုင်သော အသိအမှတ်ပြုလက်မှတ် ISO 17025 ကို ပထမဆုံးရရှိပြီးဖြစ်ပါကြောင်း။ ပြည်ပတင်ပို့မှု အပိုင်းကိုတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးခရီးကြီးဌာနနှင့် ဆက်သွယ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကုန်သွယ်မှုလုပ်ငန်းတွင် ပို့ကုန်လုပ်ငန်းနှင့် သွင်းကုန်လုပ်ငန်းများကို သမဝါယမအသင်းများ ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ဝန်ဆောင်မှုလုပ်ငန်းတွင် ငွေရွှေငွေချေး၊ ပို့ဆောင်ရေး ကုန်းမာရေး၊ ဟိုတယ်/မိုတယ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထွေထွေလုပ်ငန်းအနေဖြင့် လက်ကားအရောင်းဆိုင်၊ စားသုံးသူ သမဝါယမအသင်းဆိုင်များအား အသင်းများအနေဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါကြောင်း။ စိတ်တူကိုယ်တူ လုပ်ငန်းတူများပူးပေါင်းကာ သမဝါယမအသင်း၊ အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် အသင်းသားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည့်အပြင် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်များရရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်နိုင်သော အကျိုးကျေးဇူး ရရှိနိုင်မည်ဟု အကြံပြုဆွေးနွေးတင်ပြလိုက်ကြောင်းဖြင့် မြောက်ပြားသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့်က ဆွေးနွေးတင်ပြရာတွင် လက်ရှိပြန်မာနိုင်ငံ၏ စပါးတစ်ကောအထွက်နှုန်းများ နိမ့်ကျရသောသည့်အထွက် အခြားနိုင်ငံများ၏ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့်နိုင်းယှဉ်ပါက သိသိသာသာပိုများနေကြောင်း၊ ဆန်အရည်အသွေးနှင့်ဈေးမှုနှင့် အခြေအနေအရလုပ်ရပ်ကြောင့် ပြည်ပရောင်းစျေးနှုန်းများသည် အခြားနိုင်ငံများရရှိသည့် စျေးနှုန်းထက် လျော့နည်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ မြန်မာ့ဆန် ၂၅ရာခိုင်နှုန်း ဆန်တစ်တန်ကို ၃၃၀/ ၃၄၀ ဒေါ်လာ စျေးနှုန်းသာရရှိပြီး ထိုင်း ၂၅ရာခိုင်နှုန်း ဆန်က ၅၄၅ ဒေါ်လာ၊ ဗီယက်နမ် ၂၅ရာခိုင်နှုန်း ဆန်က ၃၇၅ ဒေါ်လာ၊ ပါကစ္စတန် ၂၅ရာခိုင်နှုန်း ဆန်က ၄၁၀ဒေါ်လာ၊ အိန္ဒိယ ၂၅ ရာခိုင်နှုန်း ဆန်က ၃၉၀ဒေါ်လာ စျေးနှုန်းများအထိ ရရှိနေကြောင်း။

လက်ရှိအခြေအနေတွင် တစ်ရက် (၁၅)တန်အထက် ဆန်စက်ကြီးများ ၁၂၀ ရှိပြီး ၂၅မှတ်ဆန်အထက် တန်းမြင့်ဆန် ကြိတ်ခွဲနိုင်သော ဆန်စက် ၂၉၆ စက်သာ ရှိနေသေးကြောင်း၊ စုပေါ် ၅ရာခိုင်နှုန်းနှင့် စုပေါ် ၁၀၀ရာခိုင်နှုန်း ဆန်အဆင့်အထိ ကြိတ်ခွဲနိုင်သောစက်မှာ ၅စက်သာ ရှိနေသေးရှိ ဧကပိဆန်စက်များ ထပ်ဆံတိုးချဲ့တည်ဆောက်ရန် လိုအပ်နေသေးကြောင်း၊ ပြည်ပမှ ဧကပိဆန်စက်များ စက်အစိတ်အပိုင်းများ၊ အလွယ်တကူတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် ဦးဖျိုင်းလှိုင်ကလည်းကြောင်း၊ ဝန်ချီးပေးဌာနတို့ကလည်း ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့ကလည်း ပဲခူးတိုင်းဒေသကြီး၏ ဆန်စက်ကြီးများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ပြောကြားသွားသည်။ ဝန်ချီးပေးဌာနမှ ကုမ္ပဏီကြီးများမှ ဧကပိဆီ ဆန်စက်အသစ်များ သွယ်ဆန်နယူးမားကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်း

တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဧခေါ်ဒေ
ဆာတကေးစက်များကိုပင် တပ်ဆင်သုံးစွဲကြပြီဖြစ်ကြော
ပြည်ပဆန်တင်ပို့မှုအနေဖြင့် အိုဝဲရီကို့နိုင်ငံကို အများ
ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အများဆုံးတင်ပို့လျက်ရှိကြောင်း၊ ယခင်
ယခုအခါ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှပါ တရုတ်နိုင်ငံ
တွင် ဆန်တန်ချိန်ခွဲ ၅ ဒသမ ၃၇ သိန်းသာ တင်ပို့နိုင်ခဲ့ရာမှ ၂
နီးပါးအထိ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ ယခု ၂၀၁၂-၂၀၁၃ ဘ
ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပကို နှစ်စဉ်အများဆုံးတ
ဖြစ်သည့် စုပေါ် ၅ ရာခိုင်နှုန်း၊ စုပေါ် ၁၀၀ ရာခိုင်နှုန်းများအထိ တ
စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကုန်သ
ဖြစ်ကြောင်း၊ ထို့အပြင် ဆန်စပါးလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုး
အထူးပြုကုမ္ပဏီများဖွဲ့စည်းပြီး လယ်သမားများ လိုအပ်သော
စရိတ် ချေးငွေများ ပိုမိုပေးနေကြောင်း၊ သုံးနှစ်အတွင်း စုစုပေါင်
၉၃သန်း ပိုမိုပေးနိုင်ဖွဲ့စည်းကြောင်း၊ ဆက်လက်ချိုလည်း အထူ
လက်ရှိ ဆန်စပါးအထူးပြုကုမ္ပဏီ (၅၉) ခု၊ ပဲမျိုးစုံ အထူးပြုကုမ္ပ
ထားပြီးဖြစ်ကြောင်း။

ပြီးခဲ့တဲ့နှစ်က အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်ဈေးကွက်ကို
ဆန်ဈေးများ ကျဆင်းခဲ့သကဲ့သို့ မြန်မာနိုင်ငံ၏ ပြည်တွင်းစပါးခ
လယ်သမားများနှင့် ပြည်ပဆန်တင်ပို့မှုကို မထိခိုက်စေရေး နိုင်
သင့်တင့်မျှတသော ဈေးနှုန်းဖြစ်သော ဧည့်မထစပါးတင်း ၁၀
ဈေးနှုန်းများဖြင့် ဝယ်ယူပေးခဲ့ကြောင်း၊ စျေးကွက်ခိုင်မာရန်နှင့်
ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း
များသို့ သွားရောက်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်သွားခဲ့
ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ
ရှိသော လယ်သမားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သားငါးထုတ်
ထို့နောက် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်များ
ကိုယ်စားလှယ် ဦးအေးဝိုးကလည်းကောင်း၊ ဆန်စပါးအထူးပြုက
လည်းကောင်း၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီများမှကိုယ်စား ကျောင
လည်းကောင်း၊ တောင်သူလယ်သမားများကဏ္ဍအတွင် တောင်သူ
ခရိုင်မှ ကိုယ်စားလှယ် ဦးမြသိန်း၊ ပြည်ခရိုင်မှ ကိုယ်စားလှယ် ဦ
တောင်ငူမြို့မှ ဦးကိုကိုကြီးကလည်းကောင်း၊ ပဲုးသတ်ဆေးဘ
ဦးဖျိုင်းလှိုင်ကလည်းကောင်း၊ စက်မှုသီးနှံဈေးကွက်ဦးစီးဌာန
ဦးညီညီလင်းကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝါးပုလဲဝန်းအဖွဲ့အ
လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်း
များသည် ခရိုင်အတွင်းဒေသကြီးပြဿနာများကို ဖြေရှင်းပြသ
သွယ်ဆန်နယူးမားကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်း

မြန်မာအလင်း မှုခင်းသတင်း

စစ်ကိုင်း၌ အိုင်ကယ်နှင့် ခြောက်ဘီးယာဉ်တိုက်မိ

စစ်ကိုင်း ၈လိုင် ၂၉

စစ်ကိုင်းမြို့ ရွာထောင်လမ်းခွဲ ဝတုတ်ကွမ်းယာဆိပ်နှင့် မလှမ်းမကမ်း တွင် ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီက ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာဉ်)** ဖြစ်စဉ်မှာ ရွှေမင်းဝဲရပ်ကွက်နေ ကောက်လုင်းနံလုပ်ကိုင်သူ ကိုမင်းမင်းဇော်(၃၁) ဦးတင်ဦး အသက် ၃၀၄၈သည် (၁၉/ယ....) နယူးဆန်ဘို ၁၂၅ ဖြင့် ခြောက်မှတောင် သို့ စီးနင်းလာရာ ကိုမင်းဇော်နောင် (၁၈) ဦးအောင်သစ်း အသက် ၂၅ နှစ် မုံရွာမြို့နေ မောင်းနှင်လာသည့် (သ/...) နှစ်ဆစ်ယူဒီ ခြောက်ဘီးယာဉ်ဖြင့် တိုက်မိခဲ့ပြီး ကိုမင်းမင်းဇော်သည် နောထူပင်ပင် သေဆုံးခဲ့ကြောင်း ယာဉ်မောင်းသူကို သက်ဆိုင်ရာက အနေးယူထားကြောင်း သိရှိရသည်။ (၁၄၀)

ရန်ကုန်တိုင်းဒေသကြီးအတွင်း Digital မီတာများ ပြောင်းလဲတပ်ဆင်

ရန်ကုန် ၈လိုင် ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားခကောက်ခံရန် တပ်ဆင်ထားသည့် Analog မီတာများကို နိုင်ငံတကာတွင် လက်ရှိအသုံးပြုလျက်ရှိသည့် Digital မီတာများဖြင့် ပြောင်းလဲတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ထင်ဦးစီးရှိ ယမန်နေ့မစ၍ အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း စတင်တပ်ဆင်ပေးလျက်ရှိသည်။ အဆိုပါ Digital မီတာ



များ ပြောင်းလဲတပ်ဆင်ရာတွင် ကုန်ကျငွေကို မီးသုံးစွဲသူများ မပြုဘဲ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ကျခံပေးခြင်း ဖြစ်သည်။

မီတာထုတ်သွင်းထားသော Transparent ပုံး(မီတာပုံး)ကို ဓာတ်တိုင်တွင် တပ်ဆင်ထားပြီး ရာသီဥတုဒဏ်နှင့်ထိခိုက်ပျက်စီးမှုကင်းစေရန် ဆောင်ရွက်ထားသည်။ Digital မီတာများ အစားထိုးတပ်ဆင်မှုအဆင့်ဆင့်နည်းစနစ်ဖြင့် မီတာဖတ်ရှုနိုင်ခြင်း ယခင်လူတစ်ဦး၊ ၁၅သာဖတ်ရှုနိုင်ခဲ့ရာ ယခု Digital မီတာစနစ်သည် လူတစ်ဦး တလျှင် မီတာအလုံး ၆၀၀ ဖတ်နိုင်ပြီး လျှပ်စစ်ဓာတ်အားခကောက်ခြင်းကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခြင်း၊ မီတာဖတ်သမားဦးရေ ၁၃သောက်နှံးသုံးနေရာအထိ တိုးမြှင့်ခေတ်မှီနိုင်ခြင်း၊

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်လတ်မှ မေးမြန်းသော မီးများက ရန်ကုန်အနောက်တိုင်းရန် လှိုင်မြို့နယ်တွင် တပ်ဆင်ထားပြီး Digital မီတာများအစား Digital မီတာများကို ရန် တပ်ဆင်ထားသည့် Analog မီတာများအစား ပြောင်းလဲတပ်ဆင်ပေးစဉ်။

အစာအဆိပ်သင့်ခြင်း

ရှင်ဇာနန် (ကျန်းမာရေးပညာ)

အော့အန်ပြီး မချိဆန့်, လမ်းသေးတွင်ထိုင်ကာ ဒူးကွေ့ကာ နေသူများကို တွေ့ဖူးကြပေမည်။ တစ်ယောက်ယောက်က ကျောကို ဖိပေးထုပေးတတ်၏။ အော့အန်နေသူက စားထားသည့်အစာများကို မြင်မကောင်းအောင် အန်ထုတ်နေသည်။

" ဘာဖြစ်တာလဲဟင် . . . "

"အစားမှားလို့ . . . "ဟု ဖြေတတ်ကြသည်။ အစားမတော်တစ်လုတ်ဟု ဆိုရိုးစကားရှိ၏။ အမှန်၌ အစားများသည်ဆိုခြင်းထက် အစာအဆိပ်သင့်ခြင်းကြောင့် အော့အန်ခြင်းဖြစ်သည်ဆိုက ပိုရိုးရှင်းသည်။ အချို့မှာ အော့အန်နေရုံမျှဖြင့်မပြီး ဆေးရုံဆေးခန်းအထိ ရောက်ကြ၏။ အသက်အေးကို လုပ်ပေးရသည့် အခြေအနေထိ ရောက်ရှိသူများနှင့် အသက်ပင်ပေးဆပ်ရသူများ ဒုနှင့်ဒေးရှိသည်။

အမှန်၌ အစာအဆိပ်သင့်ခြင်းသည် လူတစ်ဦးတည်းလည်းဖြစ်တတ်၏။ လူအများအပြားလည်း တစ်ခါတည်းဖြစ်သည်။ အစာအဆိပ်သင့်ခြင်းတွင် လူတစ်ဦးနှင့်တစ်ဦး ခံစားရမှု မတူညီဘဲရှိနိုင်သလို အဆိပ်သင့်စေသော အရာများပေါ်တွင် မူတည်၍ ခံစားရမှုများ ကွဲပြားခြားနားနိုင်လေသည်။

အစာအဆိပ်သင့်ခြင်းလက္ခဏာများ

အစာအဆိပ်သင့်လျှင် ဗိုက်အနာခြင်း၊ ဝိုက်ထဲ့ခြင်းတို့ဖြစ်ပြီး ထိုးခြင်း၊ နာခြင်း၊ မအီမသာလည်ဖြစ်ခြင်း၊ ဝမ်းပျက်ခြင်း၊ အများစုတက်ခြင်း စသည်တို့လက္ခဏာများ ခံစားရနိုင်သည်။ ရောဂါလက္ခဏာများမှာ အစာအဆိပ်သင့်စေသည့်အရာများအပေါ်တွင် မူတည်၍ ကွဲပြားနိုင်ပါသည်။ ဥပမာ- အီးကိုလိုင်း ဒက်တီးရီးယားပိုးကြောင့် အစာအဆိပ်သင့်ပါက ပြင်းထန်တတ်သည်။ အချို့ မို့ဒြကြောင့်အဆိပ်သင့်ပါက အာခုံကြောများပင်ထိခိုက်နိုင်ပြီး ချွေးထွက်ကာ ကတုန်ကယင်ဖြစ်ခြင်း၊ တကယ် မရှိသောအရာများ ရှိသယောင်ထင်မှတ်မှားခြင်း၊ ကြားမြင်စွာ သတိလစ်မေ့မြော်ခြင်းတို့ဝင် ဖြစ်တတ်သည်။

"ပိုးသတ်ဆေးများကြောင့် အစာအဆိပ်သင့်မှု ဖြစ်ပွားပါက ပြင်းပြင်းထန်ထန်များနာတတ်ပြီး အားအင်ကုန်ခန်းခြင်း၊ စက္ကူအဖြင်မှေ့နိုင်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ဝမ်းပျက်ခြင်း၊ တံတွေးထွက်ခြင်း၊ ခြေလက်များလုပ်ခါခြင်း၊ ကြွက်တက်ခြင်း စသည့် လက္ခဏာများ ဖြစ်ပေါ်တတ်သည်ဟုဆိုသည်။

အစာအဆိပ်သင့်စေခြင်းအကြောင်းရင်းများ

ကျန်းမာရေးဆိုင်ရာပညာရှင်များက လူတို့အစာအဆိပ်သင့်ရခြင်း အကြောင်းများအနက် အဓိကအကြောင်းရင်းတစ်ခုမှာ လူတို့၏အဖြုအမွေကြောင့် ဖြစ်သည်ဟုဆိုသည်။ လူတို့သည် ညစ်ညမ်းသောလက်ဖြင့် အစားအစာများကိုင်တွယ်ခြင်း၊ အစားအစာများသို့ အဓိကဖြစ်၏။ အစာအဆိပ်သင့်စေနိုင်သော အစာများလက်၌ကပ်ပါနေပြီး ၎င်းလက်ဖြင့်စားသောက်ဖွယ်ရာများ ကိုင်တွယ်သည့်အခါ အစာမှတစ်ဆင့် လူခန္ဓာကိုယ်ထဲ ရောက်ရှိလာခြင်းဖြစ်သည်ဟု အနိုင်အမာတင်ပြကြပါသည်။

အခြားအစာအဆိပ်သင့်ခြင်းဖြစ်ရခြင်းမှာ ဧရုမှဝယ်လာသော အသားများ၊ ငါးများ၌ ရောဂါပိုးများပါလာပြီး ၎င်းတို့ကို သေချာစွာချက်ပြုတ်ပြင်ဆင်မှု မပြုခြင်းကြောင့် အစာများအဆိပ်သင့်ရခြင်းဖြစ်သည်ဟု ဆိုသည်။ အခြားနည်းတစ်မှာ အဆိပ်ပါသောဝို့များ၊ ပိုးသတ်ဆေးများပါ၌သော အသီး၊ အရွက်များ ဝယ်ယူစားသုံးရခြင်းမှ အစာအဆိပ်သင့်ခြင်းဖြစ်သည်။ အချို့သော ဟင်းသီးဟင်းရွက်များသည် ပိုးသတ်ဆေးဖျန်းပြီး နှစ်ပတ်ခန့်ကြာမှ ဒူးဆွတ်ရောင်းချရမည်ဖြစ်သော်လည်း ပိုးသတ်ဆေးဖျန်းထားမှန်းမသိဘဲ ဒူးဆွတ်ရောင်းချမိကြခြင်းကြောင့် ဖြစ်သည်။ အချို့က စိုက်ပျိုးရေးဦမှ ဒိုးယူပြီးရောင်းချသော ပိုးသတ်ဆေးပါအသီးအရွက်များ ဝယ်ယူစားသုံးမိတတ်ကြသည်။

အစာအဆိပ်သင့်စေသောအရာ(၂)မျိုး

လူတို့၏ စားသုံးသောအစာများ အဆိပ်သင့်စေနိုင်သည့် အရာများကို နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ (၁)ပထမတစ်မျိုးမှာ ဗိုင်းရပ်ပိုးများ၊ ဗက်တီးရီးယား ပိုးများ၊ ကပ်ပါးပိုးများဖြစ်သည့် ကူးစက်တတ်သော ရောဂါပိုးများဖြစ်သည်။ ဗိုင်းရပ်ပိုးများတွင် Norovirus, Rotavirus နှင့် Hepatitis A ပိုးတို့ အဓိက ပါဝင်သည်ဟုဆိုသည်။ ဗက်တီးရီးယားပိုးများတွင် Salmonellae, Campylobacter, Staphylococcus, Bacillus cereus, Escherichia coli (E,coli), Shigella (traveler's diarrhea) တို့ အဓိကပါဝင်သည်။ ကပ်ပါးပိုးများတွင် Giardia, Cryptosporidium, Toxoplasma တို့ ပါဝင်သည်ဟုဆိုသည်။ (၂) ဒုတိယအမျိုးအစားမှာ အစာအဆိပ်သင့်စေနိုင်သော (Toxic agents) ခေါ် အဆိပ်အတောက်ပစ္စည်းများဖြစ်သည်။ ၎င်းတို့တွင် လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြုသော ပိုးသတ်ဆေးများ (Pesticides)၊ အဆိပ်ပါသော ကောက်ရိုးမီွများပါဝင်သည်ဟု ဆိုသည်။

ကြွတင်ကာကွယ်နည်းများ

လူတစ်ဦးချင်းအပါအဝင် မိသားစုလိုက် ကျေးရွာရပ်ကွက်အလိုက် အစုလိုက် အပြုံလိုက် အစာအဆိပ်သင့်ခြင်း (Food Poisoning) ဖြစ်ပွားခံစားရနိုင်သဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရန် လိုသည်။ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ ရှောင်ကြဉ်ခြင်းဖြင့် ထိရောက်စွာ ကာကွယ်နိုင်ပါသည်။

(၁) တစ်ဦးချင်းစီက အစာမစား၌၊ အိုးခွက်ပန်းကန်များ မကိုင်တွယ်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြော်ရမည်ဟု ဆိုသည်။ လက်ဆေးခြင်းသည် ရောဂါပိုးများနှင့် အဆိပ်အတောက်ပစ္စည်းများ ဆေးကြောပစ်ခြင်းပင်ဖြစ်သည်။

(၂) ဝယ်ယူလာသော အသား၊ ငါးများ၊ ဥများကို သန့်ရှင်းစွာပြင်ဆင်ချက်ပြုတ်ရမည်။ သန့်ရှင်းသောရေဖြင့် ဆေးကြောရမည်။ ဝေးများ၊ စည်းတီတုံးများ၊ စားပွဲခုံများ၊ ဆေးကြောသန့်ရှင်းပြီးမှ အသား၊ ငါးများ ခုတ်ထစ်ပြင်ဆင်ရမည်ဖြစ်ပါသည်။

(၃) ဟင်းသီးဟင်းရွက်များကိုလည်း ပိုးသတ်ဆေးဖျန်းပြီး နှစ်ပတ်ကြာသည့်အခါမှသာ ခူးဆွတ်ရောင်းချခြင်း၊ စားသုံးခြင်း ပြုလုပ်ရမည်။ ချက်ပြုတ်ခြင်း၊ စားသုံးခြင်းမပြုမီ သန့်ရှင်းသောရေဖြင့် သေချာစွာ ဆေးကြောရမည်။ ပို၍စိတ်ချရစေရန် ရေသန့်ရောထွဲ၍ နာရီဝက်၊ တစ်ခွာရီခန့်စိမ်ထားပြီးမှ ချက်ပြုတ်စားသုံးရမည်။

(၄) အသား၊ ငါးများ၊ အသီးအနှံများကို နူးနပ်အောင်၊ ကျက်အောင် ချက်ပြုတ်စားသုံးရမည်။ မကျက်တကျက်မစားရ။ အစိမ်းလိုက် တို့စားစရာများကို သန့်ရှင်းသောဖြေင့် သေချာဆေးကြောပြီးမှ စားရမည်။

(၅) အကယ်၍ မိမိအစာအဆိပ်သင့်သည်ဟုယူဆပါက ကျန်းမာရေးဌာနသို့ ပြသရမည်။ မိမိကဲ့သို့ အဆိပ်ါအစားအစာ စားသုံးမိသူများရှိပါက ၎င်းတို့ကို အသိပေးရမည်။ သို့မှသာ ကြိုတင်ကာကွယ်မှု ဟန့်တားမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

(၆) အများစားသုံးသော အစားအစာများ ပြင်ဆင်သူများသည် ပလတ်စတစ်လက်အိတ်များဖြင့် အစားအစာများ ကိုင်တွယ်ပြင်ဆင်ပေးရပါမည်။ ပို၍ဆိုးများကို အစားအစာပြင်ဆင်သူများက လက်ခံကိုင်တွယ်ခြင်းမပြုရပါ။ ဟောင်းနွမ်းသော ပို့ကာဆိုစက္ကူများအပေါ်၌ ရောဂါပိုးများစွာ ကပ်ငြိနိုင်သည်ဟုဆိုသည်။

(၇) အစားအစာများကို ကြွက်၊ ပိုးဟပ်များနှင့် ယင်ကောင်များ မနားစေရန် အဖုံးအုပ်ဆောင်းများဖြင့် အုပ်ထားရမည်။ အိုးခွက်၊ ပန်းကန်များ၊ ဇွန်းများကို အစားမစားမီ ဆေးကြောရမည်။

(၈) စားကြွင်းစားကျန်များကို နှခြေ၍ မစားပါနှင့်။ ပုပ်ရွဲနေ့ွေး ချက်ပြုတ်ထားသော အစာများကိုသာစားပါ။

(၉) အသင့်ပြုလုပ်ထားသော စားစရာများကိုရှောင်ပါ။ ရက်လွန်အစာများ မဝယ်မိပါစေနှင့်၊ ထုပ်ပိုးအိတ်ပေါက်၍ လေဝင်ပြီး အစိုပြန်နေသော အစားအစာများမဝယ်ရ။ ဝယ်ယူလျှင်သေချာစွာစစ်ဆေးပြီးမှ ဝယ်ယူရပါမည်။

(၁၀) မို့မှဲသို့သော စားစရာများဝယ်ယူလျှင် စားနေက၊ စိတ်ချရသော မြို့ပျိုးကိုသာ ဝယ်ယူစားသုံးရမည်။ သေချာသောမြို့ပျိုးကို လုံးဝမဝယ်ရ။ မည်သည့်မြို့ပင် ဖြစ်စေ၊ ကန်စွန်းရွက်နှင့် ရေစေ့ာချက်ပြုတ်လျှင် အဆိပ်အတောက်ပြယ်စေသည်ဟုဆိုသည်။

အကယ်၍ အစာအဆိပ်သင့်လျှင်

အထက်ပါအချက်အလက်များကို လိုက်နာခြင်းဖြင့် အစာအဆိပ်သင့်ခြင်းဘေးမှ ကင်းဝေးနိုင်ကြပါသည်။ မည်သို့ပင်ဆိုစေကာမူ၊ အစာအဆိပ်သင့်သည်ဟု ယူဆပါက ကျန်းမာရေးဌာန၊ ဆေးရုံဆေးခန်းများသို့ လာရောက်ပြသကြရန် လိုအပ်သည်။

ဆရာဝန်များက သွေးပေါင်ချိန်ပေးခြင်း၊ အသက်ရှူနှုန်းတိုင်းတာပေးခြင်း၊ ကိုယ်အလေးချိန်ချိန်ပေးခြင်း၊ ဖြစ်စဉ်များမေမြင်းခြင်း၊ နှလုံးခုနှစ်နှုန်းတိုင်းတာပေးခြင်း၊ ဝမ်းဗိုက်အခြေအနေ စမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးမည့်အပြင် ဆီးဝမ်းသွေး စသည်များ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်ပါက လမ်းညွှန်စစ်ဆေးပေး မည်ဖြစ်သည်။

ထို့အပြင် မိမိတို့အိမ်၌ မည်ကဲ့သို့ပြုစုကုသမှုပြုလုပ်နိုင်ကြောင်း အကြံပေးပြောကြားပေးမည်ဖြစ်သည်။ အစာအဆိပ်သင့်သူအား အရည်များများတိုက်ကျွေးရန်နှင့် မာသောအစာများမကျွေးရန် ရှင်းပြပေးမည်ဖြစ်ပါသည်။ ဖျိုအန်ခြင်းရပ်ဖြီး သက်သာလာသည်နှင့် ထမင်းဖြူနှင်းနည်း၊ ကြက်သား စွပ်ပြုတ်ရည်များ၊ ပဲတင်းရည်များ၊ ပေါင်မုန်းများကို ဖြည်းဖြည်းချင်းတိုက်ကျွေးနိုင်သည်။

အတိုချုပ်အားဖြင့်ဆိုရသော် ကျန်စံထိသည် အစာစားရန်အသက်ရှင်ကြသည် မဟုတ်ဘဲ၊ အသက်ရှင်ရန် အစာစားကြခြင်းဖြစ်သည်။ စားသည့်အစာများသည် သန့်ရှင်းလတ်ဆတ်ရမည်။ ဝယ်ယူရာ၌ သန့်ရှင်းလတ်ဆတ်သော အစားအစာများဟုလည်း ဆိုနိုင်သည်။ အိမ်ရောက်၌ပြင်ဆင်ရာ၌ သန့်ရှင်းသောပစ္စည်းများနှင့် သန့်ရှင်းသောရေဖြင့် ပြင်ဆင်ရမည်။ ချက်ပြုတ်ရာ၌လည်း နူးနပ်အောင်၊ ကျက်အောင် ချက်ပြုတ်ကြရမည်။ စားသောက်နေ့ပြင်ဆင်ရာတွင်လည်း လက်ကို သန့်ရှင်းစွာဆေးကြော၍ ပုပ်ရွဲနေ့ွေးခဲ့သော ပဲ့များ၊ အစာမတော်တစ်လုတ်ဟူသော ဆိုရိုးစကားကို အနိုင်ယူပြီး သန့်ရှင်းမှုနှင့် ကြိုတင်ကာကွယ်ခြင်းဖြင့် အစာအဆိပ်သင့်သည့်ဘေးဖွဲ့ရာမှ လွတ်ကင်းနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

မှတ်သုံးလေ အားအသင့်အတင့်မှ အားကောင်းနိုင်

ရန်ကုန် ဓူလိုင် ၂၉

ယနေ့နှံ့နက် ၉ နာရီခွဲ မိုးလေထသတိုင်းထွာချက် အကျဉ်း

ချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိုစိမ့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်အခါများ ရွာသွန်းရေတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းဒေသ၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြိုးခဲ့သည်။ မုတ်သုဒေသအနှံ့ ရွာသွန်းရေ ပမာဏ ပေ ၁၀၀ မှ ၂၀၀ ခန့်၊ ကျန်နေရာများတွင် ပေ ၅၀ မှ ၁၀၀ ခန့် ရွာသွန်းနိုင်ပါသည်။

ဖြန်မာပင်လယ်ပြင်ဧည်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်ပေပြေပြေလေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

ဧရာဂန်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

ဧနေ့ပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် တစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် တစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် တစ်ချုန်းရွာမည်။

ဆိုင်ကယ်နှင့် ခြောက်ဘီးယောဉ်တိုက်မိ

ယခုတစ်ပတ် မြန်မာဇာတ်ကားသစ်ဝံပုံမဝင်

နိုင်ငံခြားဇာတ်ကားသစ် Street Dance 2 ဝုံတင်

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ယခုတစ်ပတ် ရန်ကုန်မြို့တော်ရုပ်ရှင်ရုံများတွင် မြန်မာဇာတ်ကားသစ်များရုံမဝင်ဘဲဒါရိုက်တာMax Giwa နှင့် Dania Pasquini ရိုက်ကူးထားသော Street Dance 2 ဇာတ်ကားမင်္ဂလာ(၂) ဒဂုံစင်တာ ရွေနီကုန်းရုပ်ရှင်ရုံတွင် ဝင်လာသည်။

အဆိုပါ ဇာတ်ကားသည် Street Dancer ဖြစ်သူ Ash က မနုံးနိုင်သည့် အဖွဲ့ဟု တင်စားခေါ်ဝေါ်သည့် (Crew Invincible) အကအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး မခွမလွှဲနုံးနိုင်ခဲ့ခဲ့ရသည့်အဖြစ်မှ ပြန်လည်အဖတ်ဆယ်နိုင်ရန် ကမ္ဘာအရပ်ရပ်မှ အကောင်းဆုံးအကသမားများကို ဖိတ်ခေါ်စုစည်းပြီး Crew Invincible အဖွဲ့နှင့် ပြန်လည်ရင်ဆိုင်အကပြိုင်ပွဲဆင်နွှဲကြပုံကို တေးကိတ္တဖြင့် သရုပ်ဖော်ထားသည့် ဒရာမာဇာတ်ကားဖြစ်သည်။ **(အောက်ပုံ)**

သမ္ဘတနှင့် သွင်ဂျင်္ဂနီ ရုပ်ရှင်များတွင် "သွား-လူဆိုး ဒါမျိုးတော့တတ်တယ်" ဇာတ်ကားဆက်လက်အောင်ပွဲခံခြင်းသဘင်ကိုရိုက်ကူးနေစဉ်



သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုပ်ရုံး

မှား ပြောင်းလဲတပ်ဆင်ရာတွင် ကုန်ကျငွေကို မီးသုံးစွဲသူများထံမှ ကောက်ခံခြင်း မပြုဘဲ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ကျခံသုံးစွဲတပ်ဆင်ပေးခဲ့ခြင်း ဖြစ်သည်။

မီတာထည့်သွင်းထားသော Transparent ပုံး(မီတာပုံး)ကို ဓာတ်အားလိုင်းရှိ ဓာတ်တိုင်တွင် တပ်ဆင်ထားပြီး ရာသီဥတုဒဏ်နှင့်ထိခိုက်ပျက်စီးမှုဒဏ်ခံနိုင်အောင် ဆောင်ရွက်ထားသည်။ Digital မီတာများ အစားထိုးတပ်ဆင်မှုကြောင့် နိုင်ငံတကာအဆင့်မီနည်းစနစ်ဖြင့် မီတာဖတ်ရှုနိုင်ခြင်း ယခင်လူတစ်ဦး တစ်နေ့တာအလုံး ၁၅ယာဖတ်ရှုနိုင်ခဲ့ရာ ယခု Digital မီတာစနစ်သည် လူတစ်ဦးတည်းဖြင့် တစ်ရာခရီ လျှင် မီတာအလုံး ၆၀၀ ဖတ်နိုင်ပြီး လျှပ်စစ်ဓာတ်အားခကျသင့်ငွေတောင်းခံခြင်းကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခြင်း၊ မီတာဖတ်ကားနှင့်ရုစိလုံးပါဝင်သဖြင့် ဒေသဂေဏာနီးသုံးနေရာအထိ တိကျစွာဖတ်ရှုနိုင်ခြင်း၊ မီတာအထွက်တွင် Breaker များ တပ်ဆင်ထားသဖြင့် လျှပ်စစ်အန္တရာယ်မှကာကွယ်နိုင်ခြင်း၊ မီတာဖတ်ရှုရာတွင် အသုံးပြုသည့်(မီတာဖတ်ကိ) Hand Held Unit (H.H.U) ဖြင့်ပေ့ဝဝ၀ အကွာအဝေးမှ တစ်လုံးချင်းသာမက အလုံးများစွာအား တစ်ပြိုင်နက်တည်းဖတ်ရှုနိုင်ခြင်း၊ ဓာတ်အားလိုင်းတို့ပေါ်များတွင် ဆားစစ်ကြိုးများရှပ်ထွေးမှု မရှိခြင်း၊ ဓာတ်အားဒိုးယူသုံးစွဲမှုမဖြစ်ပေါ်နိုင်ခြင်း စသောအခက်အခဲများကို လွယ်ကူစွာဖြေရှင်းနိုင်ကြောင်း သိရှိရသည်။

တပ်ဆင်သွားမည့်

အဆိုပါမီတာများကို မြန်မာ့ဂီးပွားရေးဦးပိုင်လီမိတက်မှ ကိုရီးယားနည်းပညာအသုံးပြု တည်ဆောက်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကာ Offsite Meter Reading (OMR) စနစ်ဖြစ်ပြီး မီတာနှင့်မီတာဖတ်စက် (H.H.U) အကြား ရေဒီယို လှိုင်းနှုန်း အသုံးပြုဆက်သွယ်ထားခြင်းဖြစ်သည်။ အဆိုပါ Digital မီတာများ အစားထိုးပြောင်းလဲတပ်ဆင်မှုကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စက်မူလုနှင့် မှားနှင့် ဓာတ်အားသုံးစွဲမှုများသော စီးပွားရေးလုပ်ငန်းများဖြစ်သည့် အထေးခန်း၊ ရေခဲစက်နှင့် သံရည်ကျိ၊ သံနှစ်ဆွဲစသော စက်မှုလုပ်ငန်းများအား ဦးစားပေး တပ်ဆင်ဆောင်ရွက်လျက်ရှိရကြောင်းနှင့် အိမ်သုံးမီတာများကိုလည်း ဆက်လက် တပ်ဆင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သိရှိရသည်။ **(သတင်းစဉ်)**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်ဝေ၊ ဝန်ထမ်းများက ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တွင် ဓာတ်အားခကောက်ခံရန် တပ်ဆင်ထားသည့် Analog မီတာများအစား Digital မီတာများ ပြောင်းလဲတပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

လိုင်သာယာမြို့နယ်၌ အခွန်ဆိုင်ရာဟောပြော

ရန်ကုန် ၃၀ လိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး လိုင်သာယာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာဟောပြောဆွေးနွေးပွဲကို ၃လိုင် ၁၄ ရက် နံနက် ၁၁ နာရီက လိုင်သာယာမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်တင့်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအေးသန်းက လိုင်သာယာမြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ပြည်တွင်းအခွန်များဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်ဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (၀၆၆)

ကွမ်းခြံကုန်းမြို့နယ်၌ ကျန်းပျိုးပင်များပေးအပ်

ရန်ကုန် ၃လိုင် ၂၉

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖြစ် ကွမ်းခြံကုန်းမြို့နယ်အတွင်း စတုတ္ထအကြိမ်မြောက် မိုးရာသီကျန်းပျိုးပင် ၁၅၀၀၀ ပေးအပ်ပွဲအခမ်းအနားကို ၎လိုင် ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဒုံးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက တက်ရောက်လာသူ ဒေသခံများအား ကျန်းပင်များ ပေးအပ်ခဲ့ကြသည်။ ကွမ်းခြံကုန်း မြို့နယ်အတွင်း၌ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကျန်းပျိုးပင်ပေါင်း ၄၀၀၀၀ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းကျန်းပင်များကို စိုက်ပျိုးလျက်ရှိကြောင်းသိရှိရသည်။ (မြို့နယ်သစ်ကော)

မင်းတပ်မြို့နယ်၌ ဆိုင်ကယ်လမ်းသစ်ဖွင့်

မင်းတပ် ၃လိုင် ၂၉

ချင်းပြည်နယ် မင်းတပ်မြို့နယ် မဒပကျေးရွာအုပ်စု လုပ်ပဲကျေးရွာ ကိုယ့်အားကိုယ်ကိုး ဆိုင်ကယ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ၎လိုင် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါလမ်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမြန့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနိုင်းအုံးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ မင်းတပ်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများက တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၅၁)

မိုင်းခုတ်မြို့တွင် မေတ္တာပေါင်းကူးထံတားဖွင့်

မိုင်းခုတ် ၃လိုင် ၂၉

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့နယ်ခွဲတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မယ်သင်းချောင်း မေတ္တာပေါင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကို ၎လိုင် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ မေတ္တာပေါင်းကူးတံတားကို အလှူရှင်များ စုပေါင်းလှူဒါန်း ငွေကျပ် ၄၅ သိန်းဖြင့် အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၆၀၊ အကျယ် ၂၄ ပေ၊ အမြင့် ၁၂ ပေခွဲကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ကောက်စိုက်စက်ဖြင့် ကျောက်တန်းမြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုး

ရန်ကုန် ၃လိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သောင်ကြီးကျေးရွာ ဦးအုန်းလိုင်၏ လယ်မြေ၌ ၎လိုင် ၁၈ ရက်က ယူနိုက်တက်နီလာလီဓာတ်နှင့် စိုက်ပျိုးရေးစံထမ်းများ ပူးပေါင်း၍ ပုလဲသွယ်စပ်မျိုးစပါး ၁၀ ကေတို့ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခဲ့သည်။ ယခုနှစ်စိုးစပါးစိုက်ပျိုးရာသီတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ပုလဲသွယ်စပ်မျိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ်စိုက်ပျိုးရေး)

ကျောက်တော်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

ကျောက်တော် ၃လိုင် ၂၉

ကျောက်တော်မြို့နယ် အခွန်ဦးစီးဌာနမှ အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲကို ကျောက်တော်မြို့ အထက ၁၀ရပ်ကွက်၊ ၁၂ ရွာရှိက ကျင်းပသည်။ (ယာဘုံ)

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းရွှေက ကုန်သည်လုပ်ငန်းခွန်၊ ဝင်ငွေခွန်တို့နှင့် စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်ရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ပညာပေး ရှင်းလင်းပြောကြားပြီး နောက် အခွန်ထမ်းပြည်သူများ လိုက်နာရမည့် အခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိကြစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်အခွန်ဦးစီး)

သံတွဲ ထွေ/အုပ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲကျင်းပ

သံတွဲ ၃လိုင် ၂၉

